# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၅ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၁) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၀၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)။** ။လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၁) ရက်မြောက်နေ့သို့ မတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားလာသည့် လွှတ်တော် ကိုယ်စားလှယ်များ၏ကိုယ်စား ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဦးမောင်ဦးမှ စုပေါင်းပြီးခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြား သူများရဲ့အခြေအနေမှာတော့ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယခင်ပန်ကြားထားသူ ၁၄ ဦး၊ စုစုပေါင်း ၃၀ ဦးခွင့်ပန်ကြားထားရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦးရဲ့အမည်စာရင်းများမှာတော့-

(၁) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကိုသည် နိုင်ငံခြားသို့ သွားရောက်ဆေးစစ်ရန် ရှိပါသဖြင့် ယနေ့ ၁၈-၇-၂၀၁၂ ရက်နေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ စုစုပေါင်း ၁၄ ရက်ခွင့်ပန်ကြားထားရှိပါတယ်။

(၂) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီးသည် နေမကောင်းပါသဖြင့် ယနေ့ ၁၈-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၃) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေသည် ဆေးစစ်ရန်ရှိပါသဖြင့် ယနေ့ ၁၈-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၄) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန်သည် နေမကောင်းပါသဖြင့် ယနေ့ ၁၈-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၅) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်သည် နေမကောင်းပါသဖြင့် ယနေ့ ၁၈-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းသည် ဇနီးသည် ဆေးရုံတက်ရန်ရှိနေပါသဖြင့် ယနေ့ ၁၈-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း ခွင့်ပန်ကြားထားရှိပါတယ်။

ကျန်ကိုယ်စားလှယ် ၁၀ ဦးမှာတော့ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်-

(၇) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၊

(၈) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊

(၉) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင်၊

(၁၀) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊

(၁၁) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင်၊

(၁၂) မိုးညှင်းမဲဆန္ဒနယ်မှ ဦးနန်းဦး၊

(၁၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင်၊

(၁၄) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး၊

(၁၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း၊

(၁၆) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်တို့ စုစုပေါင်း ၁၀ ဦးကတော့ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ယနေ့ ၁ ရက်အား ခွင့်ပန်ကြားထားရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူ စုစုပေါင်း ၁၆ ဦးရှိပါသဖြင့် ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနက်ဖြန် ၁၉ ဇူလိုင်အား အမျိုးသား ခေါင်းဆောင်ကြီး အာဇာနည် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားခေါင်းဆောင်များ ကျဆုံးခဲ့တဲ့နေ့ ဖြစ်ပါ တယ်။ ဂုဏ်ပြုအလေးပြုရာမှာဖြစ်သလို ကိုယ်တိုင်အလှူဒါနအမျှပေးဝေနိုင်ဖို့ ရုံးပိတ်ရက်အဖြစ် လည်းသတ်မှတ်ထားပါတယ်။ နောက်တစ်ရက် ၂၀ ဇူလိုင်ဟာ သောကြာနေ့ဖြစ်ပြီး ၂၁ ရက်နေ့က စနေနေ့၊ ၂၂ ရက်နေ့က တနင်္ဂနွေနေ့ဖြစ်လို့ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ရေးရာလုပ်ငန်း အပါအဝင် အခြားဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်အစည်းအဝေးကို ဇူလိုင် ၂၃ ရက်နေ့မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးကိုလည်း နေ့လယ် ၁၃း၀၀ နာရီမှာနောက်ဆုံးထားပြီး၊ အပြီးသတ်ရပ်နားပြီး ကော်မတီလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရှိက ညနေပိုင်းမှာ ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။ ဒါကြောင့် ဆွေးနွေးတင်ပြကြမယ့် ကိုယ်စားလှယ်များ အနေနဲ့ အချိန်ကို အကျိုးရှိရှိ အသုံးပြုနိုင်ပါရန် လွှတ်တော်သို့ တင်ပြရပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**SME လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် ဘဏ်စနစ် (Comprehensive Banking System) ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးအား မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လာမည့် ၂၀၁၅ ခုနှစ်မှာ အာဆီယံကုန်စျေးနှုန်းဆိုရမယ့် အာဆီယံအသိုက်အဝန်း ASEAN Economic Community ကို သဘောတူညီချက်ကို စတင်အကောင်အထည်ဖော်တော့မှာ ဖြစ်ပါတယ်။ ဒီအခါမှာ ကုန်သွယ်ရေးတွင် စျေးကွက်အရင်းအနှီး၊ ဝန်ဆောင်မှုနှင့် ကျွမ်းကျင်လုပ်သားကိစ္စများလည်း ပေါင်းစည်းလာမှာ ဖြစ်ပါ တယ်။ အာဆီယံ ၁၀ နိုင်ငံအတွင်းရှိ ဦးရေ ၆၀၁ သန်းအတွက် စီးပွားရေးလုပ်ငန်းအတွက် အခွင့်အရေးများ ရရှိလာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ AEC နှင့် AFTA အတွက် မျှော်မှန်းပြီး ပြည်တွင်းမှာရှိတဲ့ SME, SMI လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးဖို့ မဖြစ်မနေလိုအပ်ပြီ ဖြစ်ပါတယ်။ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ AEC အတွက်ရော၊ AFTA အတွက်ရော စိုးရိမ်ပူပန်မှုများစွာရှိနေတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ SME အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အသေးစားလုပ်ငန်းနှင့်ပတ်သက်လို့ လူဦးရေ ၁၀ ဦးမှ ၅၀ ဦး၊ အရင်းအနှီးအနေနဲ့ ကျပ် တစ်သန်း၊ လျှပ်စစ်သုံးစွဲမှုအနေနဲ့ မြင်းကောင်ရေ ၃ ကောင်မှ ၂၅ ကောင်၊ နှစ်စဉ်ထုတ်လုပ်မှုအနေနဲ့ ၃.၅ သန်း ဖြစ်ပါတယ်။ အလတ်စားလုပ်ငန်းအနေနဲ့ လူဦးရေ ၅၁ ဦးမှ ၁၀၀ ဦး၊ အရင်းအနှီး ၁ သန်းကနေ ၅ သန်းဖြစ်ပြီး၊ လျှပ်စစ်သုံးစွဲမှုအနေနဲ့ မြင်းကောင်ရေ ၂၅ ကောင်မှ ၅၀ ကောင်အထိ ဖြစ်ပြီးတော့ နှစ်စဉ် ထုတ်လုပ်မှုအနေနဲ့ ကျပ်သန်းပေါင်း ၁.၅ သန်းကနေ ၁၀ သန်းအထိရှိရမှာ ဖြစ်ပါတယ်။ ပြည်တွင်း

လုပ်ငန်းရှင်များအနေနဲ့ FTM နှင့်ယှဉ်ပြိုင်နိုင်ဖို့ရော AEC အတွက်ရော အဓိကလိုအပ်ချက်ကတော့ အရင်းအနှီးဖြစ်တာကို တွေ့ရပါတယ်။ အရင်းအနှီးသာ စိုက်ထုတ်ပေးနိုင်မယ်ဆိုရင် များစွာ အထောက်အကူရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ ဘဏ်စနစ်မှာ လိုအပ်ချက်များကို လျင်မြန်စွာပြောင်းလဲပေးဖို့ လိုနေပြီဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်စနစ်မှာ မြန်မာနိုင်ငံအခြေအနေများကို လေ့လာလျှင် ယနေ့ Standard Channel Group ကနေပြီးတော့ အာဆီယံ ၉ နိုင်ငံမှာ ဘဏ်တွေ စတင်ပြီးတော့ ဖွင့်လှစ်ရင်းနှီးနေပြီဖြစ်ပါတယ်။ မကြာမီ ကျွန်တော်တို့ နိုင်ငံအတွင်း ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်မှာ အသွင်ကူးပြောင်းရေးအတွက် ဆောင်ရွက်လျက်ရှိပြီးတော့ စီးပွားရေးအခန်းကဏ္ဍကို ပြည်သူပိုင်ကဏ္ဍကို စွန့်လွှတ်ပြီးတော့ ပုဂ္ဂလိက ဘဏ်အဖြစ် ပြောင်းလဲနေပါတယ်။ ပုဂ္ဂလိကလိုဆိုရာမှာ အရင်းအနှီးအင်အားကြီးမားတဲ့ ပြည်တွင်း လုပ်ငန်းရှင်များထက် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များနှင့် လုပ်ငန်းငယ်များကို ဦးတည်ပြီး ပံ့ပိုးဆောင်ရွက်နိုင်မှသာ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွေအတွက် မှန်ကန်တဲ့အဓိက နည်းဗျူဟာတစ်ခု ဖြစ်လာမှာဖြစ်ပြီးတော့ များပြားလှတဲ့အလယ်အလတ်တန်းစားလူထုအတွက် အလုပ်အကိုင် အခွင့် အလမ်းတွေတိုးပွားလာပြီး ဥစ္စာနေပိုင်ဆိုင်မှုလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဥရောပနိုင်ငံဖြစ်တဲ့ ဂျာမနီနိုင်ငံမှာ အသေးစားနှင့် အလတ်စားကဏ္ဍဟာ လုပ်ငန်းအားလုံးရဲ့ ၉၉.၇ ရာခိုင်နှုန်းအထိ ရှိပါတယ်။ အာဆီယံအသင်းဝင်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံမှာ အသေးစားနှင့် အလတ်စားလုပ်ငန်း အရေအတွက်ဟာ ၂၀၀၅ ခုနှစ်မှာ ၁၄၉၀၀၀ အထက်မှာရှိပြီးတော့ ပြည်တွင်းမှာ တည်ထောင်ထားတဲ့ လုပ်ငန်းအားလုံးရဲ့ ၉၉.၄ ရာခိုင်နှုန်းရှိပါတယ်။ လုပ်သားအားဖြင့် ၆၂.၃ ရာခိုင်နှုန်းဟာ SME လုပ်ငန်း တွေမှာ လုပ်ကိုင်နေတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ SME လုပ်ငန်းဟာ လုပ်ငန်းအားလုံးရဲ့ ၂၁.၆၃ ရာခိုင်နှုန်းရှိတာ ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်မှာ အခြေခံလူတန်းစားနှင့် လူလတ်တန်းစား များအနေနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်တဲ့အခါမှာ ငွေအရင်းအနှီး စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ရင်ဆိုင်နေကြပါတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့ဘဏ်တွေဟာ အောက်ခြေလူ တန်းစားများနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်နေပြီးတော့ ချမ်းသာတဲ့လူအများစု ဘဏ်ထောင်ပြီးတော့ ထိုဘဏ်တွေမှာ ငွေအရင်းအနှီးရယူလိုလျှင် လုံခြုံမှုအတွက် မရွှေ့မပြောင်းနိုင်တဲ့ ပစ္စည်းနှင့်မြေ အဆောက်အဦရှိမှသာ အပေါင်ခံပြီးတော့ ငွေချေးတဲ့အတွက် ကိုယ်ပိုင်မြေနှင့် အဆောက်အဦ မရှိတဲ့ လုပ်ငန်းရှင်များအတွက် ဘဏ်ချေးငွေဟာ မမျှော်လင့်ကောင်းတဲ့အရာတစ်ခု မဟုတ်တာကို တွေ့ရပါ တယ်။ ဒါကြောင့် SME လုပ်ငန်းများ တိုးတက်စေဖို့အတွက် မေးခွန်း (၁)အနေနဲ့ လိုအပ်တဲ့အရင်းအနှီး

များကို လိုအပ်သလို ဖြည့်ဆည်းပေးပြီးတော့ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပြည့်စုံကောင်းမွန်သော ဘဏ်စနစ် (Comprehensive Banking System) ကို အကောင်အထည် ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ မေးခွန်း (၂)အနေနဲ့ SME လုပ်ငန်းများ ပိုမိုအောင်မြင်လာစေရေးအတွက် အစိုးရက ထောက်ခံအားပေးသော စီးပွားရေးလုပ်ငန်းတစ်ရပ်ဖန်တီး၍ ကျယ်ပြန့်သော ကူညီမှုများပေးခြင်း၊ မြန်ဆန်လွယ်ကူသော ငွေချေးစနစ်ဖန်တီးပေးခြင်း၊ တိုင်းဒေသကြီးအစိုးရသို့ လုပ်ပိုင်ခွင့်များ လွှဲအပ်ခြင်း၊ SME ကဏ္ဍနှင့်ပတ်သက်ပြီးတော့ ကမ္ဘာ့ဘဏ်ကနေ သတ်မှတ်ထားတဲ့ အဓိက ညွှန်းကိန်းတွေဖြစ်တဲ့ လုပ်ငန်းစတင်တည်ထောင်ရာမှာ လွယ်ကူခြင်း၊ လုပ်သားငှားရမ်းမှု လွယ်ကူခြင်းနှင့် နယ်စပ်ဖြတ်ကျော်ရောင်းဝယ်ဖောက်ကားမှု လွယ်ကူခြင်းတို့နှင့် ပတ်သက်ပြီးတော့ မည်သို့ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်ကို ပြန်လည်ဖြေကြားပေးဖို့ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ မေးခွန်းတွေကို စက်မှုဝန်ကြီးဌာနကိုယ်စား စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်း(၁)နှင့် ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအခန်းကဏ္ဍမှပါဝင်တဲ့ ပုဂ္ဂလိကစက်မှုလုပ်ငန်းများအနက် ၉၀ ရာခိုင်နှုန်းကျော်ဟာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖြစ်ပါတယ်။ ၎င်းတို့မှ သွင်းကုန်အစားထိုးပစ္စည်းများကို အများဆုံးထုတ်လုပ်လျက်ရှိပြီးတော့ စီးပွားရေးတိုးတက်မှုဟာ စက်မှုလက်မှုနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍအပေါ်အခြေခံသဖြင့် ၎င်းအသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် ငွေကြေးအကူအညီအနေဖြင့် ချေးငွေများ ထုတ်ချေးပေးရန် လိုအပ်နေပါတယ်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအား လုပ်ငန်းပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ဘဏ်အတိုးနှုန်းများကို လျှော့ပေါ့သတ်မှတ်ပေးခဲ့ရာ ချေးငွေအပေါ်အတိုးနှုန်းကို ယခင် ၁၅ ရာခိုင်နှုန်းမှ ယခု ၁၃ ရာခိုင်နှုန်းအထိ လျှော့ပေါ့ကောက်ခံခဲ့ပါတယ်။ ထို့အတူ စက်မှုဇုန်ချေးငွေနှင့် စီမံကိန်းဝင်စိုက်ပျိုးရေးချေးငွေများ

အတွက် အတိုးနှုန်းကိုလည်း ယခင် ၁၄ ရာခိုင်နှုန်းမှ ယခု ၁၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့ပေးခဲ့ပြီး ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်မှရောင်းချသော နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ၊ မြေ၊ အဆောက်အဦ၊ ပစ္စည်းများကို ဝယ်ယူသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များသို့လည်း အတိုးနှုန်း ၁၂ ရာခိုင်နှုန်းဖြင့် ဘဏ်များမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ် ၁၉ ဘဏ် ရှိတဲ့အနက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံပိုင်ဘဏ်ဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ် တို့ဟာ ချေးငွေများထုတ်ချေးလျက်ရှိရာတွင် စုစုပေါင်းချေးငွေ၏ ၅၀ ရာခိုင်နှုန်းကို စက်မှုလက်မှု ကဏ္ဍသို့ ထုတ်ချေးပေးလျက်ရှိပါတယ်။ ထို့အပြင် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်အဖြစ် ပြောင်းလဲ၍ ပြည့်စုံကောင်းမွန်သော ဘဏ်စနစ်တစ်ခုဖြစ်ပေါ်လာစေရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(၂)နှင့် ပတ်သက်ပြီးတော့ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု ဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို စက်မှုဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုအောက်မှာ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှစ၍ ဖွဲ့စည်းတည်ထောင်ပြီး ရေတိုရေရှည်ရည်မှန်းချက်များ ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည် ရှင်သန်ရပ်တည်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ၊ နည်းပညာကဏ္ဍနှင့် ငွေကြေး အရင်းအမြစ်ကဏ္ဍစတဲ့ အဓိကကျတဲ့ ကဏ္ဍကြီးများမှာ ခိုင်မာလာစေရေးအတွက် နိုင်ငံတော်အနေနဲ့ သင့်လျော်တဲ့မူဝါဒများချမှတ်ပြီး ဦးဆောင်မှုပေးရမယ်ဟု ခံယူထားပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ မြန်ဆန်လွယ်ကူစွာဖြင့် ငွေကြေးအရင်းအနှီး အထောက်အပံ့ပေးနိုင်ရေး အတွက် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်ကို အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်အဖြစ် ပြောင်းလဲဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ပြည်နယ်များမှာ တည်ဆောက် ပြီး စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသများမှာ စက်မှုဇုန်အသစ်များ တည်ဆောက် အကောင်အထည်ဖော်ရေးကို စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်

ရှိပါတယ်။ အသေးစား၊ အလတ်စားလုပ်ငန်းများမှာ လိုအပ်တဲ့ အခြေခံအဆင့်ကျွမ်းကျင်လုပ်သားများ ရရှိရေးအတွက် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းများ ဖွင့်လှစ်ပြီး လူသားအရင်းအမြစ်များကို မွေးထုတ်လျက်ရှိရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အစိုးရနည်းပညာအထက်တန်းကျောင်းများကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ စက်မှုသင်တန်းကျောင်းများတွင် အခြေခံအင်ဂျင်နီယာပညာရပ်များ၊ လျှပ်စစ်ကျွမ်းကျင်မှုသင်တန်း၊ ဘွိုင်လာကိုင်တွယ်မှုကျွမ်းကျင်သင်တန်းတို့ကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနမှ ကျွမ်းကျင်မှုပညာသင်တန်းများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှလည်း ကျွမ်းကျင်လုပ်သားသင်တန်းများကို လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် ရည်ရွယ်ပြီး နယ်စပ်ဒေသများတွင် စက်မှုလက်မှုပညာသင်တန်းကျောင်းများကို လည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအနေနဲ့ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများအပြင် ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပို့ကုန်များအပေါ် လိုင်စင်ခွင့်ပြုခြင်းနှင့် အကောက်ခွန်ဆိုင်ရာလုပ်ငန်း၊ လုပ်ထုံးလုပ်နည်းများရှင်းလင်းလွယ်ကူစေရန် One Stop Service ဆောင်ရွက်ရေးနှင့် e-Procurement စနစ်များ ဆောင်ရွက်နိုင်ရေး ရည်မှန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပြီး ၎င်းမှတစ်ဆင့် အကြီးစားစက်မှုလုပ်ငန်းများ တည်ဆောက်နိုင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## မြန်မာနိုင်ငံ၏ စက်မှုရေးရာမူဝါဒများနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့်မေးခွန်းနှင့် ပတ်သက်လို့ကတော့ အပိုင်းနှစ်ပိုင်းနှင့်မေးသွားမှာဖြစ်ပါတယ်။ အစိုးရပိုင်းနှင့် ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍအပိုင်းဆိုပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။ ခုနတုန်းက ဦးတင်မောင်ဦးကလည်း ပုဂ္ဂလိကပိုင်းနဲ့အတန်အသင့်မေးမြန်းသွားပြီးဖြစ်ပါတယ်။ ဒီအပေါ်မှာချဲ့ပြီးတော့ ထပ်မံပြီးတော့ သိချင်တာကို

ထပ်မံမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီလို မေးမြန်းရခြင်းဟာလည်းပဲ ကျွန်တော်တို့တစ်တွေ နယ်အသီးသီးရောက်တဲ့အခါမှာ သက်ဆိုင်ရာပြည်သူများကနေပြီတော့ စက်မှုလက်မှုကဏ္ဍနှင့် ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၊ ခုနကပြောတဲ့ အသေးစားအလတ်စားစက်မှုလက်မှုကဏ္ဍနှင့်ပတ်သက်လို့ သူတို့ခံစားနေရတာတွေကိုတင်ပြတဲ့အတွက် ကျွန်တော်တို့ဒီမှာမေးမြန်းရခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း ပဏာမရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီနေ့မြန်မာနိုင်ငံမှာ ယခင်ကကျင့်သုံးခဲ့တဲ့မူဝါဒတွေကို ယခုခေတ်စနစ်နှင့် ကိုက်ညီအောင်ယူပြီးတော့ မသင့်တာတွေကိုပယ်ပြီးတော့ ကျွန်တော်တို့နိုင်ငံတိုးတက်ရေးအတွက် အရှိန်အဟုန်နဲ့ဆောင်ရွက်တဲ့နေရာမှာ စက်မှုလက်မှုကဏ္ဍကလည်းပဲ အရှိန်အဟုန်နဲ့ပြောင်းလဲဆောင်ရွက်နေတာကိုလည်းပဲသိရပါတယ်။ ဒါကြောင့် ဒီလိုဆောင်ရွက်တဲ့နေရာမှာ ကမ္ဘာ့ဘဏ်ကတိုက်တွန်းသလိုပဲ စက်မှုလက်မှုကဏ္ဍအပိုင်းပြောင်းလဲရေးအတွက် အစိုးရပိုင်းကဏ္ဍကနေပြီးတော့ ကျွန်တော်တို့ပြည်သူပိုင်အခန်းကဏ္ဍ၊ အများပိုင်အခန်းကဏ္ဍကိုပြောင်းလဲနေတာကိုလည်းပဲ လေ့လာမှတ်ရှုရပါတယ်။ စက်ရုံအလုပ်ရုံအားလုံးနီးပါးကိုလည်းပဲ အများပိုင်၊ ပြည်သူပိုင်အဖြစ်ပြောင်းလဲမယ်လို့လည်းပဲသိရပါတယ်။ ပြောင်းလဲဖို့လည်းပဲ လက်ရှိဆောင်ရွက်ဆဲလို့ သိရပါတယ်။ ဒါကြောင့် စက်မှုကဏ္ဍနှင့်ပတ်သက်လို့ ကျွန်တော်မေးမြန်းလိုတာကတော့ စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကအဖွဲ့အစည်းများကိုငှားရမ်းလွှဲပြောင်းဖက်စပ်ဆောင်ရွက်ခြင်းများကို မည်ကဲ့သို့သောမူများဖြင့်ညှိနှိုင်းဆောင်ရွက်ရမည်ကို အများပြည်သူများသိရှိနိုင်ရန် မည်ကဲ့သို့ဆောင်ရွက်မည်ကိုသိလိုပါကြောင်း၊ ဈေးကွက်စီးပွားရေးနှင့်အညီ ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ မည်သို့မည်ပုံထိထိရောက်ရောက်ဆောင်ရွက်ပေးနေသည်ကို ဒုတိယအချက်အနေဖြင့် သိလိုပါကြောင်း ကျွန်တော်တို့ ဒါကတော့ ခုနကဝန်ကြီးဖြေသွားပြီးပါပြီ။ သို့သော်လည်းပဲ ဖြေတဲ့အပိုင်းမှာ တချို့ဟာတွေဟာ အပေါ်ယံပိုင်းဖြစ်တဲ့အတွက် ထိထိရောက်ရောက်မရှိတဲ့အတွက် ထပ်မံဖြေကြားပေးဖို့မေးမြန်းအပ်ပါတယ်။ နိုင်ငံခြားကုမ္ပဏီများအနေနဲ့ပါဝင်ဆောင်ရွက်မည်ဆိုပါက မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုသည့် စည်းကမ်း၊ နည်းလမ်းပိုင်းကိုလည်းသိလိုကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ရဲ့စက်မှုကဏ္ဍပိုင်းဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်များကိုသိလိုပါကြောင်း။ အဆိုပါမူဝါဒများဟာ ယခင်အစိုးရလက်ထက်တွင် ယခင်အခြေအနေဖြင့်ရေးဆွဲထားခဲ့သော နှစ် ၃၀ စီမံကိန်းအပေါ်အခြေခံခြင်းရှိ၊ မရှိ။ ယခုခေတ်သစ်စနစ်သစ်နှင့်အညီမူဝါဒများ၊ ရည်မှန်းချက်များကိုချထားဆောင်ရွက်ခြင်းရှိ၊ မရှိသိလိုပါတယ်။ နိုင်ငံတကာမှာ ကျင့်သုံးလျက်ရှိတဲ့ပုဂ္ဂလိကအခန်းကဏ္ဍအတွက် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို ယခုအခါ

စက်မှုဝန်ကြီးဌာနအနေနဲ့ တိုးတက်မှုရရှိအောင်ဆောင်ရွက်နေတယ်လို့လည်းသိရပါတယ်။ သို့သော် လည်းပဲ မည်သည့်မူဝါဒများဖြင့် ဆောင်ရွက်ပေးနေသည်ကိုမသိရတဲ့အတွက် ဒီမူဝါဒများကိုသိလို ပါကြောင်းနှင့် မူဝါဒများချမှတ်ဆောင်ရွက်ပေးနေသည်ဆိုပါကလည်း မည်သည့်အတိုင်းအတာအထိ တိုးတက်မှုရရှိနေသည်ကိုသိလိုပါကြောင်းမေးမြန်းအပ်ပါတယ်။ အသေးစား၊အလတ်စားစက်မှုလုပ်ငန်း များအတွက် စက်မှုဝန်ကြီးဌာနအနေနဲ့မူဝါဒများချမှတ်ဆောင်ရွက်ပေးနေသည်ဆိုပါက အဓိကအရင်း အနှီးများဆောင်ရွက်ပေးနေခြင်းရှိ၊ မရှိ။ ရှိပါကမည်သို့မည်ပုံဆောင်ရွက်ပေးနေသည်ကို မည်သည့် အချိန်မှစတင်ဆောင်ရွက်ပေးနေသည်ကိုသိလိုပါတယ်။ အသေးစား၊အလတ်စားစက်မှုလုပ်ငန်းများနှင့် ပတ်သက်လို့လည်းပဲ စက်မှုဝန်ကြီးဌာနအနေနဲ့ တာဝန်ရှိတဲ့အတိုင်းပဲ နည်းပညာပိုင်းဆိုင်ရာ အသေးစား၊ အလတ်စားလုပ်ငန်းများကို မည်ကဲ့သို့အကူအညီပေး၍ ဦးဆောင်ဦးရွက်ဆောင်ရွက်ပေး နေသည်ကိုသိလိုပါကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းရှိ၊ မရှိကိုလည်းသိလိုပါကြောင်း။ မိမိတို့ ပုဂ္ဂလိကပိုင်အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် နည်းပညာပိုင်းရရှိရန် ယှဉ်ပြိုင်၍ တရားမျှတသောယှဉ်ပြိုင်မှုနှင့် စီးပွားရေးအောင်မြင်တိုးတက်မှုရရန် အကာအကွယ်များပြုလုပ်ပေးခြင်းရှိ၊ မရှိ။ ဥပမာ မကြာမီမှာ လာတော့မည့် AFTA ကဲ့သို့သောကိစ္စရပ်မျိုး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမျိုးဆောင်ရွက်တဲ့အခါမှာ စက်မှုကဏ္ဍမှ မိမိတို့အမျိုးသားအကျိုးစီးပွားကို မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ရန် မည်ကဲ့သို့အကာ အကွယ်များ၊ အထောက်အကူများပြုလုပ်ပေးနေသည်ကိုသိလိုပါကြောင်း၊ မိမိတို့ရဲ့စက်မှုဇုန်များ၌ အိမ်နီးချင်း နိုင်ငံများမှစက်ပစ္စည်းအစိတ်အပိုင်းများနှင့်တကွ အခြားအစိတ်အပိုင်းများ ဝင်ရောက် နေမှုကြောင့် အခက်အခဲတွေ့နေသည်ကို မည်ကဲ့သို့ ကာကွယ်ဆောင်ရွက်ပေးနေသည်ကိုသိလိုပါ ကြောင်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့မေးခွန်းကို စက်မှုဝန်ကြီးဌာနကိုယ်စား ကျွန်တော် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်

အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဥ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေဖြင့် ပုဂ္ဂလိကကဏ္ဍနှင့်တွဲဖက်၍ ရေရှည်ထိန်းသိမ်းနိုင်မည့် စီးပွားရေးကြီးထွားမှုရရှိနိုင်ရေးအတွက်ချမှတ်ထားသည့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးမူဝါဒ ၈ ချက်၊ ရည်မှန်းထားသောရည်မှန်းချက် ၂ ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ် ၂၀ ချက်တို့ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ကြီးများအား အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဖော်ပြပါ နိုင်ငံတော်စက်မှုကဏ္ဍပိုင်းဆိုင်ရာမူဝါဒများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ချမှတ်ထားသောဈေးကွက်စီးပွားရေးစနစ်နှင့်လိုက်လျောညီထွေမှုရှိစေမည့် မူဝါဒရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၌ စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဥ်း၍ ထည့်သွင်းဖော်ပြထားသည့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးမူဝါဒ ၈ ချက်တွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍပိုမိုမြှင့်တင်ရေးအချက်ကို ထည့်သွင်းဖော်ပြထားပါတယ်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့်မူဝါဒများနှင့်အညီ စက်မှုဝန်ကြီးဌာနရှိ စက်ရုံအလုပ်ရုံများအနက် မဟာဗျူဟာအရ နိုင်ငံတော်မှကိုင်တွယ်ဆောင်ရွက်ရန်လိုအပ်မှုမရှိသည့် စက်ရုံအလုပ်ရုံများကိုပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်းစီမံဆောင်ရွက်လျက်ရှိပါတယ်။ ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ရန်သင့်လျော်သည့်စက်ရုံအလုပ်ရုံများ၏အဆိုပြုချက်စာရင်းကို ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီတွင်အတည်ပြုချက်ရယူပြီး လုပ်ငန်းများရှိတင်ဒါကြော်ငြာသင်ပုန်းများတွင် ကြော်ငြာထားသည့်အပြင် သက်ဆိုင်သည့်ဂျာနယ်များတွင်လည်း ထည့်သွင်း၍ကြော်ငြာခဲ့ပါတယ်။ အဆိုပြုလွှာတင်သွင်းလာသောကုမ္ပဏီများကို ဒုတိယဝန်ကြီးဦးစီးပြီး စက်မှုလုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများပါဝင်သည့် စိစစ်ရေးအဖွဲ့မှခေါ်ယူပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးပါတယ်။ တွေ့ဆုံ ဆွေးနွေးမှုအပေါ်အခြေခံပြီး စက်ရုံအလိုက်ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းရှိသောသင့်လျော်သည့်ကုမ္ပဏီစာရင်းကိုပြုစု၍ နိုင်ငံတော်သမ္မတရုံးသို့တင်ပြပြီး လမ်းညွှန်မှုခံယူခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံး၏မူအရ ခွင့်ပြုချက်ရရှိပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ကို ဆက်လက်ရယူရပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရရှိပါက ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ၏အတည်ပြုချက်ဖြင့် ကုမ္ပဏီအလိုက်ဆောင်ရွက်မည့်အစီအမံအတွက် သက်ဆိုင်ရာစက်မှုလုပ်ငန်း ဦးဆောင်

ညွှန်ကြားရေးမှူးများမှ အသေးစိတ်ဆွေးနွေးခြင်း၊ စာချုပ်စာတမ်းမူကြမ်းများကိုပြုစု၍ သက်ဆိုင်ရာဌာနများသို့ပေးပို့ပြီး သဘောထားမှတ်ချက်ရယူခြင်းနှင့် သဘောထားမှတ်ချက်အရ ပြုပြင်ပြီး စာချုပ်စာတမ်းများကို လက်မှတ်ရေးထိုးချုပ်ဆိုခြင်းများဆောင်ရွက်ပါတယ်။ ပြည်တွင်းပြည်ပကုမ္ပဏီများဖြင့် Lease Joint Venture နှင့် Public Private Partnership (PPP) နည်းလမ်းများဖြင့် လုပ်ဆောင်မည်ဆိုပါက ဖော်ပြပါလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါတယ်။ ဈေးကွက်စီးပွားရေးနှင့်အညီ ပုဂ္ဂလိကစက်မှုကဏ္ဍတိုးတက်စေရေးအတွက် လိုအပ်သောမူဝါဒနှင့် နည်းပညာများကိုစက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်မှုညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုစီမံကိန်းဦးစီးဌာနတို့မှ ညွှန်ကြားလွှာများကိုထုတ်ပြန်ထိန်းကျောင်း ဆောင်ရွက်ပေးသလို ပုဂ္ဂလိကပိုင်စက်ရုံအလုပ်ရုံများ စနစ်တကျရှိစေရေးအတွက်လည်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ပုံမှန်စစ်ဆေးမှုများဖြင့်ထိန်းကျောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် လိုအပ်သည့်အရင်းအနှီးများအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် အနေဖြင့် လုပ်ငန်းအမျိုးအစား ၁၀ မျိုး၊ လုပ်ငန်းရှင် ၃၇၂ ဦးထံသို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၊ ဇွန်လအထိ ငွေကျပ် ၅၈.၃၈၂ ဘီလီယံကိုထုတ်ချေးပေးထားပြီး ဖြစ်ပါတယ်။ စိုက်ပျိုးရေးအမတော်ကြေးငွေကဲ့သို့ ချေးငွေထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရ သို့တင်ပြခဲ့ရာမူအားဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်၏စက်မှုကဏ္ဍပိုင်းဆိုင်ရာမူဝါဒ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များဟာ ယခင်အစိုးရလက်ထက်တွင်ရေးဆွဲခဲ့သော နှစ် ၃၀ စီမံကိန်းများအပေါ် အခြေခံရေးဆွဲထားခြင်းမဟုတ်ဘဲ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ချမှတ်ထားသည့်မူဝါဒများအပေါ် အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောနည်းပညာများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနတို့မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပညာပေးလုပ်ငန်းများနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဝန်ကြီးဌာနသည် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆွေးနွေးပွဲများကိုကျင်းပပြုလုပ်ခဲ့ပါရာ SMEs Strategic Program Course ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် နေပြည်တော်၌လည်းကောင်း၊ ဂျာမနီနိုင်ငံFriedrich–Naumann Foundation

(FNF) နှင့်ပူးပေါင်း၍ SMEs Supporting Methodology ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌လည်းကောင်း၊ ဂျာမနီနိုင်ငံ Konard Adenauer Foundation နှင့်ပူးပေါင်း၍ SMEs Cluster Development Program ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် နေပြည်တော်၌လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် UNESCAP တို့ပူးပေါင်း၍ Public Private Partnership Readiness Workshop ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့တို့မှာလည်းကောင်း ကျင်းပပြုလုပ်ပေးခဲ့ပါတယ်။ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ပအဖွဲ့အစည်းများပူးပေါင်း၍ အသေးစားနှင့် အလတ်စားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးလျက်ရှိပါတယ်။ မကြာမီရောက်ရှိလာမည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ (AFTA) အကောင်အထည်ပေါ်လာလျှင် အာဆီယံနိုင်ငံများအတွင်း ကုန်စည်များလွတ်လပ်စွာစီးဆင်းမှု၊ ဝန်ဆောင်မှုများလွတ်လပ်စွာစီးဆင်းမှု၊ အရင်းအနှီးများလွတ်လပ်စွာစီးဆင်းမှုနှင့် ကျွမ်းကျင်လုပ်သားများလွတ်လပ်စွာရွှေ့ပြောင်းလုပ်ကိုင်နိုင်မှုတို့ကို ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါတယ်။ ၎င်းအချိန်တွင် ပြည်ပမှကုန်စည်ပစ္စည်းများသည် ပြည်တွင်းဈေးကွက်သို့ ပိုမိုဝင်ရောက်လာမှာဖြစ်ပြီး ပြည်တွင်းလုပ်ငန်းများအနေနဲ့ ပြည်ပမှဝင်ရောက်လာမည့် ကုန်ပစ္စည်းများ၏အရည်အသွေးနှင့် ဈေးနှုန်းကိုယှဉ်ပြိုင်နိုင်အောင်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ထို့ကြောင့် အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအတွက် နည်းပညာပိုင်းရရှိရန် ယှဉ်ပြိုင်မှုများ၌တရားမျှတစွာယှဉ်ပြိုင်၍ စီးပွားရေးအောင်မြင်တိုးတက်နိုင်ရေးအတွက် အကာအကွယ်ပေးရာတွင် အာဆီယံလွတ်လပ်သော ကုန်သွယ်ဒေသမူဝါဒမူဘောင်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization) မူဘောင်နှင့် အခြားအပြည်ပြည်ဆိုင်ရာနှင့် နိုင်ငံအချင်းချင်းကုန်သွယ်မှုသဘောတူညီချက်မူဘောင်အတွင်းမှသာ ကူညီကာကွယ်မှုပေးနိုင်မည်ဖြစ်ပါတယ်။ ၎င်းမူဘောင်များအတွင်းမှသာ လုပ်ငန်းရှင်များ၏ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကိုအားပေးတိုက်တွန်း၍ ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို ဈေးကွက်စီးပွားရေးအရ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏စိုက်ပျိုးရေးထွက်ကုန်များအခြေခံပြီး မိမိတို့အားသာချက်များကို ရှာဖွေဖော်ထုတ်အသုံးချလျက် Agro-based Industry, Agri-Product Value-Added Enterprise Supporting Factories, Supply Chain Mechanism အသွင်ဖြင့် ကူးပြောင်းနိုင်ရေးအတွက်

နိုင်ငံတော်အနေဖြင့် နည်းပညာများရရှိရေးနှင့် အခြားလိုအပ်သည်များကို တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တရားစီရင်ရေး ဖြောင့်မတ်မှန်ကန်နိုင်ရေးအတွက် မမှန်ကန်သော၊ မှားယွင်းနေသော၊ ခေတ်မမီသော စီရင်ထုံးများကို ပယ်ဖျက်ရန် အစီအစဉ်ရှိ၊မရှိ သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်စေရေးအား တစ်စိတ်တစ်ပိုင်း အထောက်အကူပြုနိုင်ရေးအတွက် တရားစီရင်ထုံးနှင့်ပတ်သက်သည့် မေးခွန်းအား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ယနေ့ တရားစီရင်မှုအပေါ်မှာ ပြည်သူများက များစွာဝေဖန်မှုပြုနေကြပါတယ်။ အဓိကအားဖြင့် ပြည်သူများ လက်ခံထိုက်သော အမှန်တရားမရရှိ၍သာ ဝေဖန်ကြခြင်းဖြစ်ပါတယ်။ ယင်းသို့ အမှန်တရားမရရှိခြင်းမှာလည်း တရားရုံးများက ခေတ်မမီတော့သော၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့်မကိုက်ညီသော၊ စီရင်ထုံးများကို အကာအကွယ်ယူလျက် မမှန်ကန်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်းများရှိသဖြင့် တရားစီရင်ရေးအပေါ် အမြင်မကြည်လင်မှုများ ပိုမိုတိုးပွားစေနေခြင်းဖြစ်ပါတယ်။ အမှားကို အမှန်ဖြစ်အောင် အချိန်မီပြင်ဆင်နေရန်လိုအပ်နေကြောင်းလည်း တွေ့ရှိရပါတယ်။ ဥပမာ ၁၉၉၁ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ စာမျက်နှာ ၁၁၃ တွင်ပါရှိသည့် ဒေါ်မြဦးနှင့် နိုင်ငံတော်အမှုတွင် မွေးစားကြောင်းအဆိုရှိသူ မွေးစားသူ ဦးလှဖေ၏ လက်ဗွေ၊ လက်မှတ်များမပါသည့်အပြင် မှတ်ပုံတင်လည်း တင်မထားသော စာချုပ်ကို တရားရုံးချုပ်က ကိတ္တိမမွေးစားစာချုပ်အဖြစ် သုံးနှုန်းရေးသားထားသဖြင့် ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများနှင့် လုံးဝဆန့်ကျင်နေပြီး စကားရပ်အသုံးအနှုန်းမှားယွင်းနေသောကြောင့် ယင်းသို့ ဥပဒေနှင့် မညီသော စကားရပ်အသုံးအနှုန်းကို တရားရုံးအချို့က ကိုးကားပြီး ဥပဒေနှင့်အညီ ကိတ္တိမမွေးစားစာချုပ် ချုပ်ဆိုမှတ်ပုံတင်ထားသောသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ဖြေရှင်းစေရန် အမိန့်ချမှတ်မှုများရှိနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အမှန်အားဖြင့် မှတ်ပုံတင်ထားသော ကိတ္တိမမွေးစားစာချုပ်အပေါ် ပျက်ပြယ်ကြောင်း တရားမတရားရုံးက ဆုံးဖြတ်ချက်မရှိဘဲ ရာဇဝတ်တရားရုံးက အမိန့်မချမှတ်ထိုက်ပါသဖြင့် ဥပဒေပြဋ္ဌာန်းချက်တို့နှင့် မကိုက်ညီသော ဆုံးဖြတ်

ချက်ဖြစ်ပြီး ပြစ်မှုမကြီးလွန်သူကို ပြစ်မှုကျူးလွန်သူအဖြစ် စွပ်စွဲဖြေရှင်းခိုင်းရာလည်း ရောက်နေပါသဖြင့် ယင်းစီရင်ထုံးမျိုးကို ပယ်ဖျက်သင့်ကြောင်း နမူနာတစ်ရပ်အဖြစ်တင်ပြအပ်ပါတယ်။ ယင်းကဲ့သို့ မှားယွင်းနေသဖြင့် ပယ်ဖျက်ထိုက်သော စီရင်ထုံးများစွာရှိနေကြောင်း ဝါရင့်ဥပဒေပညာရှင်ကြီးများကလည်း သိရှိနေကြပြီး ယင်းကဲ့သို့ မှားယွင်းမှုများကို အမှန်ရအောင် ပြုပြင်ပေးနိုင်ခြင်းမရှိသည်မှာ ကြာပြီဖြစ်သဖြင့် နစ်နာသူများမှာ ပြည်သူများသာ ဖြစ်ပါတယ်။ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်နိုင်ရေးအတွက် မမှန်ကန်သော၊ မှားယွင်းနေသော၊ ခေတ်မမီသော စီရင်ထုံးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ပယ်ဖျက်ရန်အစီအစဉ်ရှိမရှိနှင့် အစီအစဉ်ရှိလျှင် မည်သည့်ကာလတွင် အပြီးအပြတ်ဆောင်ရွက်မည်ကိုသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး မေးမြန်းထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ဖြေဆိုရပါက စီရင်ထုံးဆိုတာဟာ ခေတ်အဆက်ဆက် အမြင့်ဆုံးတရားရုံးများက သက်ဆိုင်ရာအမှုရဲ့အချက်အလက်၊ အကြောင်းအချင်းအရာကို မှန်ကန်မျှတစွာ ဖော်ထုတ်ပြီးတော့ သက်ဆိုင်ရာဥပဒေနှင့် ညှိနှိုင်းသုံးသပ်ပြီးတော့ ခေတ်အလျောက် စီရင်ဆုံးဖြတ်ထားတဲ့ စီရင်ချက်များအနက်က အောက်တရားရုံးများအတွက် လမ်းညွှန်မှုပေးနိုင်ရန်နှင့် အောက်တရားရုံးများက အကိုးအကားပြုနိုင်ရန်အတွက် ရွေးချယ်ထုံးဖွဲ့ထားတဲ့ အမြင့်ဆုံးတရားရုံးရဲ့ စီရင်ချက်များဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက တရားစီရင်ရာမှာ အမှန်တရားမရရှိခြင်းမှာ တရားရုံးများက ခေတ်မမီတော့တဲ့အတွက် ဥပဒေပြဋ္ဌာန်းချက်များနှင့် မကိုက်ညီတဲ့

စီရင်ထုံးများကို ကိုးကားပြီးတော့ မမှန်မကန်ဆုံးဖြတ်ချက်များ ချမှတ်ခြင်းများရှိနေတဲ့အတွက် တရားစီရင်ရေးအပေါ် အမြင်မကြည်လင်နေမှုများ တိုးပွားနေခြင်းဖြစ်ကြောင်း သို့ဖြစ်၍ အမှားကို အမှန်ဖြစ်အောင် အချိန်မီပြုပြင်ရန်လိုအပ်ကြောင်းဖော်ပြပြီးတော့ ဥပမာအဖြစ်နဲ့ ဒေါ်မြဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု ၁၉၉၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားစီရင်ထုံးများ စာမျက်နှာ ၁၁၃ အမှုကို ရည်ညွှန်းပြီးဖော်ပြထားပါတယ်။ အဲဒီ အမှုမှာ မွေးစားကြောင်းအဆိုရှိသူ ဦးလှဖေရဲ့လက်ဗွေ၊ လက်မှတ်များမပါရှိတဲ့အပြင် မှတ်ပုံတင်လည်း မထားတဲ့စာချုပ်ကို တရားရုံးချုပ်က ကိတ္တိမမွေးစားစာချုပ်အဖြစ် သုံးနှုန်းရေးသားထားတဲ့အတွက် ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများနှင့် လုံးဝဆန်ကျင့်နေတဲ့အကြောင်း ဤသို့ဥပဒေနှင့်မညီတဲ့ စကားရပ်အသုံးအနှုန်းကို တရားရုံးအချို့ကကိုးကားပြီးတော့ တရားဥပဒေနှင့်အညီ ကိတ္တိမမွေးစားစာချုပ် ချုပ်ဆိုမှတ်ပုံတင်ထားသူများအပေါ်မှာ ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ဖြေရှင်းရန်အမိန့် ချမှတ်မှုများရှိနေတယ်ဟုကြားသိရကြောင်း ဒါကြောင့် ဒီလို စီရင်ထုံးမျိုးကို ပယ်ဖျက်သင့်ကြောင်း နမူနာတစ်ရပ်အဖြစ်တင်ပြပါကြောင်း ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်မြဦးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှုမှာ ကိတ္တိမမွေးစားစာချုပ်လို့သုံးနှုန်းရေးသားထားခြင်းမှာ အဆိုပါ စီရင်ထုံးရဲ့ စာမျက်နှာ ၁၁၅ စာကြောင်းရေ ၈ မှာ တစ်ကြိမ်သာဖော်ပြထားတယ်လို့တွေ့ရပါတယ်။ အဲဒီလိုဖော်ပြထားခြင်းမှာလည်း တရားရုံးချုပ်ရဲ့ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်အနေနဲ့ ဖော်ပြသုံးနှုန်းခြင်းမျိုးမဟုတ်ဘဲနဲ့ လျှောက်ထားသူ ဒေါ်မြဦးက ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြတဲ့အချက် တစ်ချက်အနေနဲ့သာ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ကြောင်း ရှင်းလင်းအပ်ပါတယ်။ အဲဒီအမှုမှာ တရားရုံးချုပ်ရဲ့ သုံးသပ်ချက်ကတော့ ပြစ်မှုဆိုင်ရာအမှုများမှာ တရားလိုသက်သေထွက်ချက်အရ စွပ်စွဲခံရသူဟာ ပြစ်မှုကျူးလွန်တယ်လို့ မှတ်ယူနိုင်ရန်ငြိစွန်းချက်ရှိမယ်ဆိုရင် စွဲချက်တင်ရမယ်ဖြစ်တယ်။ တရားမကြောင်းအရ စွဲဆိုထားခြင်းကြောင့် ပြစ်မှုကြောင်းအရ မစွဲဆိုနိုင်လို့ ဥပဒေတားမြစ်ချက်မရှိပေ။ ကိတ္တိမသမီးဖြစ်၊မဖြစ်၊ ပစ္စည်းများကို သေသူက လွှဲပြောင်းပေးခဲ့ခြင်းမှန်၊မမှန် စတဲ့ပြဿနာများကို တရားခံများအနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြရန် တာဝန်ရှိနေတယ်လို့ သုံးသပ်ပြီး ဆုံးဖြတ်ထားတာကိုတွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီစီရင်ချက်ပါ တရားမကြောင်းအရ စွဲဆိုထားသောကြောင့် ပြစ်မှုကြောင်းအရ မစွဲဆိုနိုင် ဥပဒေတားမြစ်ထားချက်မရှိကြောင်း သုံးသပ်ချက်ဟာဆိုလို့ရှိရင်တော့ တရားစီရင်ရေးသမိုင်းခေတ်အဆက်ဆက်က လက်ခံလိုက်နာကျင့်သုံးခဲ့တဲ့မူဖြစ်ပါကြောင်း တင်ပြအပ်

ပါတယ်။ တစ်ဆက်တည်းမှာပဲ တရားရုံးချုပ်က ဒေါ်စန်းစန်းဦးအား ဦးလှဖေက ကိတ္တိမသားသမီး အဖြစ် မွေးစားတဲ့ကိတ္တိမစာချုပ်ဖြစ်ကြောင်း သုံးသပ်ချက်ကို လက်ခံထားကြောင်းကိုလည်း မတွေ့ရှိရ ပါ။ ကိတ္တိမသားသမီးဖြစ်၊မဖြစ်ပြဿနာကို တရားခံများအနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြရန် တာဝန်ရှိ တယ်လို့သာ သုံးသပ်ထားတာကိုတွေ့ရတဲ့အတွက် မေးခွန်းမှာမေးမြန်းချက်နှင့် စီရင်ထုံးမှာ ဆုံးဖြတ်ချက်၊ ကိုးကားဖော်ပြချက်များဟာ အမှန်တကယ်ပါရှိတဲ့အချက်များနဲ့ ကွဲပြားနေကြောင်းတွေ့ရှိ ရပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ပြစ်မှုမကျူးလွန်သူကို ပြစ်မှုကျူးလွန်သူ အဖြစ် စွပ်စွဲဖြေရှင်းခိုင်းရာရောက်နေကြောင်း ဤအချက်မှာ ဒေါ်မြဦးနှင့် နိုင်ငံတော်အမှုတွင်ဖော်ပြတဲ့ မှားယွင်းတဲ့စကားရပ်ကို တရားရုံးက ကိုးကားမိတဲ့အတွက် တရားမျှတမှုမှ သွေဖြည်သွားပါတယ်။ ဒါကြောင့် ဒီစီရင်ထုံးများကို ပယ်ဖျက်သင့်ပါကြောင်း ဖော်ပြချက်ဟာလည်း ဒီစီရင်ထုံးမှာပါတဲ့ အချက်များနှင့် အမှန်တရားနဲ့ဆီလျော်မှုမရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြစ်မှုဆိုင်ရာမှုခင်းတစ်ရပ်ရပ်ကို စစ်ဆေးစီရင်ရာမှာ ပြစ်မှုမြောက်စေတဲ့ ပညာရပ်များ ပေါ်ပေါက်လာခြင်းရှိ၊မရှိကို စစ်ဆေးရပြီးတော့ ပြစ်မှုမြောက်စေတဲ့အင်္ဂါရပ်များ ပေါ်ပေါက်တာတွေ့ရှိရလို့ရှိရင် တရားမမှုစွဲဆိုထားသည်ဖြစ်စေ၊ တရားမမှုစွဲဆိုထားခြင်းမရှိသည် ဖြစ်စေ ပြစ်မှုကြောင်းအရ ဖြေရှင်းရပါကြောင်း တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ တင်ပြလိုတဲ့ အချက်ကတော့ စီရင်ထုံးတစ်ရပ်ကို လေ့လာဖတ်ရှုတဲ့အခါမှာ စီရင်ထုံးဖွဲ့တဲ့အနှစ်သာရကို နားလည် သဘောပေါက်အောင် အာရုံစူးစိုက်ပြီးတော့ ဖတ်ရှုရန်လိုအပ်ပါကြောင်းလည်း တင်ပြအပ်ပါတယ် ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ မှားယွင်းနေတဲ့ အတွက် ပယ်ဖျက်ထိုက်တဲ့စီရင်ထုံးတွေများစွာရှိကြောင်း ဥပဒေပညာရှင်ကြီးတွေ ဆရာကြီးတို့၏အကြံ များကိုရယူပြီးတော့ မှားယွင်းတဲ့စီရင်ထုံးများကို ပယ်ဖျက်ရန်အစီအစဉ်ရှိ၊မရှိ သိလိုပါကြောင်း မေးမြန်းထားပါတယ်။ မှားယွင်းနေတဲ့ ခေတ်မမီတဲ့စီရင်ထုံးများကို ပယ်ဖျက်ဖို့အတွက် လုပ်ထုံးလုပ်နည်းကတော့ စီရင်ထုံးပြုထားတဲ့အမှုနှင့် အလားတူ အမှုမျိုး ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကို အယူခံမှုအနေနဲ့လည်းကောင်း၊ ပြင်ဆင်မှုအနေနဲ့ လည်းကောင်း၊ စာချွန်တော်အမှု၊ အထူးအယူခံအမှုများ လျှောက်ထားလာတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကြောင်း အချင်းအရာ အချက်အလက်တွေကို၊ ဥပဒေဆိုင်ရာအချက်အလက်တွေကို ယခင်ထုံးဖွဲ့ထားတဲ့ ထုံးဖွဲ့ချက်များနှင့် နှိုင်းယှဉ်သုံးသပ်ပြီးတော့ ယခင်စီရင်ထုံးကိုပယ်ဖျက်သင့်ကြောင်း တွေ့ရှိရတဲ့ အခါမှာ ပယ်ဖျက်ရန်သင့်တဲ့အချက်များကို ကျိုးကြောင်းဆီလျော်စွာဖော်ပြပြီးတော့ ယခင်စီရင်ထုံးကို

လွှမ်းမိုးပယ်ဖျက်ကြောင်း ဆုံးဖြတ်အပ်ပါတယ်။ တူညီတဲ့ အကြောင်းအချင်းအရာပေါ်မှာ ဆန့်ကျင်ကွဲပြားတဲ့စီရင်ထုံးပြုလိုပါက နောက်ကျဆုံးဖြတ်တဲ့အမှုမှာ ယခင်စီရင်ထုံးကို လိုက်နာဆောင်ရွက်ရန်မလိုအပ်ကြောင်း ထည့်သွင်းဖော်ပြရပါတယ်။ ဥပမာအားဖြင့်တင်ပြရရင် မောင်နေလင်းနှင့် နိုင်ငံတော်အမှု ၂၀၀၀ ပြည့်နှစ် မြန်မာနိုင်ငံတော် တရားစီရင်ထုံးများ စာမျက်နှာ ၂၉ စီရင်ထုံးမှာ မိုးသီးစီရင်ထုံးဟာ ယခင်စီရင်ထုံးများနှင့် ဆန့်ကျင်ကွဲလွဲ ဆုံးဖြတ်ထားသဖြင့်လည်းကောင်း၊ မိုးသီးစီရင်ထုံးပါဆုံးဖြတ်ချက်သည် ရှေ့နောက်ညီညွတ်မှုမရှိသဖြင့်လည်းကောင်း မိုးသီးစီရင်ထုံးအား လိုက်နာဆောင်ရွက်ရန်မလိုကြောင်း ဖော်ပြပြီးတဲ့နောက် နိုင်ငံတော်နှင့်မိုးသီး ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးကို ယခင်စီရင်ထုံးဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်တယ်လို့ဆုံးဖြတ်ပြီတော့ စီရင်ထုံးပြုခဲ့တာကိုတွေ့ရှိရပါတယ်။ နောက်ထပ် ဥပမာအားဖြင့်ဆိုရင် ၁၉၉၄ ခုနှစ်မှာ မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၁၂၈ မှာဖော်ပြထားတဲ့ ဦးမားပသီးနှင့် ဦးဘီစနပ်ဆိုတဲ့ အမှုမှာ ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး စာမျက်နှာ ၁၄၀ ပါ ကိုဝင်းအေးနှင့် ဦးဆယ်ပါ ၂ အမှုမှ မှားယွင်းမှုများကိုဖော်ပြပြီးတော့ ထိုစီရင်ထုံးကို တရားရုံးများက လိုက်နာရန်မသင့်လို့ လမ်းညွှန်ထုံးဖွဲ့ထားတာကိုတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးက မမှန်ကန်သော၊ မှားယွင်းသော၊ ခေတ်မမီသော စီရင်ထုံးများကိုပယ်ဖျက်ရန် အကြံပြုတင်ပြခြင်းဟာ တရားစီရင်ရေးဖြောင့်မတ်မှန်ကန်ရေးအတွက် အပြုသဘောတင်ပြခြင်းဖြစ်တဲ့အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါတယ်။ ဤကိစ္စကို ဆောင်ရွက်တဲ့နေရာမှာတော့ အချိန်ကာလကန့်သတ်၍ ဆောင်ရွက်လို့မရရှိကြောင်း ဆက်လက်ပြီးတင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ မှားယွင်းတဲ့၊ ခေတ်မမီတဲ့ စီရင်ထုံးများကို နောက်စီရင်ထုံးနဲ့သာ ကျိုးကြောင်းဖော်ပြပြီးတော့ ပယ်ဖျက်ရတဲ့ အစဉ်အလာသာဓကရှိပါတယ်။ အခြားနိုင်ငံများမှာရှိတဲ့တရားလွှတ်တော်၊ တရားလွှတ်တော်ချုပ်များကလည်း ဤသာဓကအတိုင်းသာ ဆောင်ရွက်ကြပါတယ်။ ဒါကြောင့် မေးမြန်းတဲ့မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ကာ မှားယွင်းသော၊ ခေတ်မမီသော စီရင်ထုံးများကို ပယ်ဖျက်ရန် အလားတူအမှုမျိုး ကြုံတွေ့လာတဲ့အခါမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှေ့ကချမှတ်ခဲ့တဲ့ စီရင်ထုံးကို ပယ်ဖျက်ဖို့သင့်တယ်လို့ သဘောရရှိလို့ရှိရင် ကျိုးကြောင်းဆီလျော်စွာသုံးသပ်ပြီးတော့ ပယ်ဖျက်တဲ့စီရင်ချက်ကို ချမှတ်ပြီး စီရင်ထုံးပြုနိုင်ရန်အတွက် အလေးအနက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်းများ မေးမြန်း၊ ဖြေဆိုခြင်း အစီအစဉ်ပြီးပါပြီ။ တက်ရောက်လာကြတဲ့ ပြည်ထောင်စုလွှတ်တော် တရားသူကြီးချုပ်နှင့် စက်မှုဆိုင်ရာဒုတိယဝန်ကြီးလည်း ဆက်လက်ဆွေးနွေးကြမယ့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား တက်ရောက်ပြီးတော့ နားထောင်သွားမယ်ဆိုလို့ရှိရင် အားလုံးအတွက် အကျိုးရှိနိုင်တဲ့အတွက် တက်ရောက်လိုက တက်ရောက်နားထောင်နိုင်ကြောင်း ပြောကြားလိုပါတယ်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြင်ဆင်အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ၁၆-၃-၂၀၁၂ ရက်နေ့တွင် ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြန်လည်သုံးသပ်ရန် လိုအပ် လာသဖြင့် အမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရန် တောင်းခံခဲ့ရာ ၄-၇-၂၀၁၂ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ အထက်ပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီအနေဖြင့် သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးသုံးသပ်ချက်ကို ၁၃-၇-၂၀၁၂ ရက်နေ့တွင် လွှတ်တော်သို့ တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခု ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မူဝါဒသဘောဆန်သော ခြုံငုံသုံးသပ်ဆွေးနွေးရန်အတွက် လွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းအား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း ရှိကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ ဆွေးနွေး တင်ပြမယ့်အကြောင်းအရာကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်

ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို သိရှိနိုင်ဖို့ ရာ အတွက် ၃၀-၆-၂၀၁၂ ရက်နေ့မှာ ရန်ကုန်မြို့ MICT ခန်းမမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အတူ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ စိတ်ပါဝင်စားသူပြည်သူများနှင့် တွေ့ဆုံခဲ့ပါတယ်။ တက်ရောက်လာသူလုပ်ငန်းရှင်များ၊ ပြည်သူများရဲ့ တင်ပြချက်များအရ လွှတ်တော်၌ ဆွေးနွေးလျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြန်လည်သုံးသပ်ရန်လိုအပ်လာကြောင်း တွေ့ရှိရပါတယ်။ ပြည်သူတွေရဲ့ တင်ပြချက်ကို နားထောင်ပြီးသည့်နောက် ပြည်သူတို့ရဲ့ စိုးရိမ်သောကတွေကို နားလည်ခံစားမိပါတယ်။ သူတို့ စိတ်ပူနေတာကတော့ (၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအသစ် ထုတ်ပြန်တော့မယ်။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေက ဘယ်တော့ ထုတ်ပြန်ပေးမှာလဲ။ အတူတူထုတ်ပြန်ပေးဖို့ သင့်ပါတယ်။ ဖြစ်နိုင်ရင် အရင်ထုတ်ပြန်ပေးသင့်ပါတယ်။ (၂) အပ်ကနေ လေယာဉ်ပျံအထိ ထုတ်ပေးမယ်ဆိုတော့ အသေးစား အလတ်စားစက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများအနေနဲ့ စိတ်ပူစရာ ဖြစ်လာပါတယ်။ စိတ်ပူမယ်ဆိုလည်း ပူလောက်ပါတယ်။ (၃)စားသောက်ကုန်လုပ်ငန်းထုတ်လုပ်သူတွေ အနေနဲ့လည်း ငွေကြေးအရင်းအနှီးမြင့်မားတဲ့ နည်းပညာတွေနဲ့ဝင်လာရင် ကျွန်တော်တို့ ဘယ်လိုရပ်တည်ရမလဲ။ ကိုကာကိုလာအချိုရည်ဝင်လာရင် ပြည်ပကို Export မလုပ်ဘဲ ပြည်တွင်းဈေးကွက်မှာပဲ ပြန်ပြီးတော့ ဖြန့်ဖြူးမယ်ဆိုရင် ပြည်တွင်းအချိုရည်စက်ရုံတွေအနေနဲ့ သူတို့အခက်အခဲတွေ တွေ့ပြီးဖြစ်တဲ့အတွက် စိတ်ပူနေပါတယ်။ (၄) လက်လီဈေးကွက်မှာလည်း ဝင်လာရင် ဘယ်လိုလုပ်ရမလဲ။ လက်လီအရောင်းသမားတွေ မျက်လုံးပြူးနေရမှာ ဖြစ်ပါတယ်။ (၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် သက်သာသောဘဏ်ချေးငွေများနှင့် ဝင်လာမှာဖြစ်သည့်အတွက် မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်သော အခြေအနေမရှိပါ။ ဒါကြောင့် နိုင်ငံတော်မှ စောင့်ရှောက်ပေးပါ၊ အကာအကွယ်ပေးပါလို့ လုပ်ငန်းရှင်ပြည်သူတွေက တင်ပြခဲ့ပါတယ်။ သူတို့တင်ပြချက်တွေ တရားနည်းလမ်းကျပါတယ်။ တရားသဖြင့် တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို စိတ်မဆိုးဖို့၊ ကူညီပေးဖို့ တာဝန်ရှိသူတွေကို ကျွန်တော့်အနေနဲ့တောင်းပန်ပါတယ်။ ကျွန်တော်တို့အပေါ်မှာလည်း အထင်မလွဲဖို့ မေတ္တာရပ်ခံပါတယ်။ လွှတ်တော်ရဲ့ အဓိကတာဝန်နှစ်ရပ်အနက် ပထမတာဝန်သည် ဥပဒေပြုရေးတာဝန်ဖြစ်ပါတယ်။ ဥပဒေပြုရေးဆိုရာမှာလည်း တည်ဆဲဥပဒေများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းတို့ ပါဝင်ပါတယ်။ ဥပဒေတစ်ရပ်အား လေ့လာသုံးသပ်ရာတွင်လည်း (၁) ပြည်သူ့အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်နိုင်မှု ရှိ၊ မရှိ။ (၂) နိုင်ငံတော်အကျိုးစီးပွားအား ကာကွယ်

စောင့်ရှောက်နိုင်မှု ရှိ၊ မရှိ။ (၃) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ။ (၄) လက်တွေ့ ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ။ (၅) အပြည်ပြည်ဆိုင်ရာဥပဒေ Convention များ၊ Treaty များနှင့် ညီညွတ်မှု ရှိ၊ မရှိ ဒီပေတံတွေနဲ့ တိုင်းတာသုံးသပ်ရပါတယ်။ ဥပဒေပြုပြီးမှ ပြည်သူ့အကျိုးစီးပွားနှင့် နိုင်ငံတော်အကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်နိုင်မှု မရှိဘူးဆိုရင် ကျွန်တော်တို့ အားလုံး တာဝန်မကျေပွန်ရာရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မိမိတို့ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် သဘောတူပြီးသော်လည်း ယခုကဲ့သို့ ပြည်သူ့အကျိုးစီးပွား၊ နိုင်ငံတော် အကျိုးစီးပွားကို ရှေးရှုပြီး ပြန်လည်ဆွေးနွေးသုံးသပ်ရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည်တစ်ပြည် အနေဖြင့် စီးပွားရေးတံခါးပိတ်ပြီးနေပါက နောက်ကျကျန်ရစ်ခဲ့မှာ ဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည်လည်း အလွန်အရေးကြီးပါတယ်။ မရှိမဖြစ် လိုအပ် ချက်ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေးဦးတည်ချက်နှင့်အညီ ဖိတ်ခေါ်ဆောင်ရွက် သွားဖို့လည်း လိုအပ်ပါတယ်။ ဒီလို ဖိတ်ခေါ်တဲ့အခါမှာအခွင့်အရေးပေး၊ မက်လုံးပေးရသလို အကာအကွယ်ပေးတာလည်း ရှိပါတယ်။ ဒါမှလည်း ရင်းနှီးမြှုပ်နှံသူတွေအနေဖြင့် ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ အာမခံချက်တွေလည်း ပေးရပါတယ်။ ယခု ဆွေးနွေးဆဲနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အရေးနှင့် အကာအကွယ်ပေးမှုများ ပြည့်စုံလုံလောက်မှုရှိပါတယ်။ ထိုသို့ နိုင်ငံခြားသားများကို အခွင့်အရေးပေးထားပြီး မိမိတို့ နိုင်ငံသား များအတွက် ဥပဒေမထွက်သေးသည့်အပေါ် ပြည်သူတွေက နှိုင်းယှဉ်ပြီးတော့ စိတ်ပူနေခြင်း ဖြစ်ပါ သည်။ ကျွန်တော်တို့ နိုင်ငံသားတွေ စိတ်ပူနေခြင်းသည် အကျိုးအကြောင်း မသိရသည့်အတွက် စိတ်ပူနေခြင်းလည်း ဖြစ်ပါတယ်။ ထို့ကြောင့် တာဝန်ရှိသူများမှ လက်ခံတွေ့ဆုံပြီး အကျိုးအကြောင်း ရှင်းပြပြီး အားပေးကူညီပေးသင့်ပါတယ်။ ဒါဆိုရင် သူတို့စိတ်ထဲမှာ နိုင်ငံခြားသားကို အခွင့်အရေးပေး လွန်းတယ်။ မျက်နှာသာပေးလွန်းတယ်ဆိုတဲ့ အတွေးတွေလည်း ပျောက်သွားနိုင်ပါတယ်။ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေးဟူသော ဦးတည်ချက်နှင့်အညီလည်း ဆောင်ရွက်ပေးရာလည်း ရောက်မှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ အခန်း(၂) ပုဒ်မ ၃ နှင့် ပုဒ်မ ၄ ကို ရွေးနုတ်ပြီးတော့ တင်ပြပါမယ်။ ပုဒ်မ ၃ နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုတင်သဘောတူညီချက်ဖြင့်

ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်စေရမည် ဟူသောဖော်ပြချက်နှင့် ပတ်သက်ပြီးတော့ ပြည်သူတွေကနေမှ လုပ်ကိုင်ခွင့်ပြုသော စီးပွားရေး လုပ်ငန်းများကို ဥပဒေမှာ နောက်ဆက်တွဲအဖြစ်နဲ့ တစ်ပါတည်း သတ်မှတ်ပေးဖို့ ပြည်သူတွေက လိုလားတောင့်တနေကြပါသည်။ ကျွန်တော်တို့အနေနဲ့ ပြည်သူ့တွေရဲ့သဘောထားကို အမှန်သိရှိပြီး တော့ ဆောင်ရွက်ပေးဖို့သာ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ ဥပဒေကြမ်းအခန်း(၂) ပုဒ်မ ၄ နဲ့ ပတ်သက်ပြီးတော့ ကန့်သတ်တားမြစ်တဲ့ လုပ်ငန်းတွေကို ဖော်ပြထားတာခြင်းဖြစ်ပါတယ်။ အဲဒီမှာ ပုဒ်မခွဲ(က)မှ(ဆ)အထိ ပြဋ္ဌာန်းချက်ရဲ့ နောက်မှာ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ၊ ဒေသခံများ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ၊ လက်လီအရောင်းဆိုင်များ၊ အသေးစား၊ အလတ်စားဝန်ဆောင်မှုလုပ်ငန်း များကိုလည်း ကန့်သတ်တားမြစ်သော လုပ်ငန်းများအဖြစ် ဖြည့်စွက်ပေးရန် လိုအပ်ပါတယ်။ ဒါမှ ကျွန်တော်တို့ရဲ့ နိုင်ငံသားစီးပွားရေးလုပ်ငန်းရှင်တွေကို အကာအကွယ်ပေးရာလည်း ရောက်မှာဖြစ်ပါ တယ်။ ယခု ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးမည့်သူ ၁၅ ဦးရှိပါတယ်။ ကျန် ၁၄ ဦးက အသေးစိတ် ဆက်လက်ဆွေးနွေးမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့တော့ ဥပဒေကြမ်းအခန်း(၂) ပုဒ်မ ၃ နှင့် ၄ ကိုပဲ တင်ပြပြီးတော့ အဆုံးသတ်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေကြမ်းသည် ပြည်သူတစ်ရပ်လုံးနှင့် ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်စား သောဥပဒေကြမ်းဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း အလွန်အရေးကြီးတဲ့ ဥပဒေကြမ်းဖြစ်တဲ့ အတွက် အချိန်ပေးပြီး ဆွေးနွေးခွင့်ပြုပေးပါရန် အနူးအညွတ်ပန်ကြားတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဦးဌေးမြင့်(မြိတ်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်း ဒေသကြီး၊ မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမြင့် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းအား ခြုံငုံသုံးသပ် ဆွေးနွေးတင်ပြသွားပါမယ်ခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းတွင် အခန်းပေါင်း ၁၉ ခန်းနှင့် ပုဒ်မပေါင်း ၅၂ ခုဖြင့် ပြည်သူ့ လွှတ်တော်က ဥပဒေကြမ်းအဖြစ် အတည်ပြုပြီးဖြစ်သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည်

ပြည်တွင်း၊ ပြည်ပစီးပွားရေးလုပ်ငန်းများနှင့်လည်းကောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးငှာဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၃၁၊ ၃၆၊ ၃၇ အရတို့ လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန်လိုအပ်သည့်အပြင် နိုင်ငံတော်တွင်းရှိ ပြည်သူများ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်လျက်ရှိသော သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နိုင်စေရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ပါ၍ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် တည်ရှိရေးဆိုသည့် စီးပွားရေးဦးတည်ချက်များဖြင့် ကိုက်ညီရေးဆွဲသော ဥပဒေကြမ်းသည် ဥပဒေအဖြစ် ရောက်ရှိလာသည့်အခါ ပြည်သူပြည်သားများအတွက် အကျိုးပြုဥပဒေတစ်ရပ်အဖြစ် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြည်သူများမှ စိုးရိမ်ပူပန်မှုများရှိနေသည်ကို သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့အသံကို ကြားသိရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ရေးရာကော်မတီများ၊ ကော်မရှင်များထံသို့ ၃၀-၆-၂၀၁၂ ရက်နေ့ ရန်ကုန်မြို့တွင် တင်ပြခဲ့သော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများ၏ အသံကို အလေးထားပြီး ပြန်လည်သုံးသပ်ရန် လိုအပ်လာကြောင်းတွေ့ရှိပါ၍ အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အဆိုပါ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအလို့ငှာ ပြန်လည်စိစစ်ဆွေးနွေးဆောင်ရွက်ရန် လိုအပ်ပါကြောင်းသုံးသပ်ရရှိပါ၍ သဝဏ်လွှာပေးပို့၍ ပြန်လည်တောင်းခံခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို အချက် ၁၀ ချက်ဖြင့် ခြုံငုံသုံးသပ်ရှင်းလင်းတင်ပြလိုပါတယ်ခင်ဗျား။ (၁) အခန်း(၂) ပုဒ်မ ၃၊ ၄၊ ၅ တို့တွင် ဖော်ပြထားသည့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို ခွင့်ပြုခြင်း၊ တားမြစ်ခြင်းအပိုင်းတို့သည် လွန်စွာအရေးကြီးပါ၍ ပိုမိုတိကျခိုင်မာသော အကြောင်းအရာများပါရှိရန် လိုပါတယ်။ (၂) အခန်း (၃) ပုဒ်မ ၆(ဃ)တွင် သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ထုတ်လုပ်ရေးဆိုသည့် စကားရပ်သည် ပြည်သူများအတွက် စိုးရိမ်ပူပန်စရာဖြစ်၍ ထည့်သွင်းရန် လို၊ မလို စဉ်းစားသင့်ပါသည်။ (၃) အခန်း(၄) ပုဒ်မ ၇၊ ပုဒ်မ ၈

တို့တွင် ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှုပုံစံသည် နိုင်ငံတော်နှင့်နိုင်ငံသားများ အစဉ်ထာဝရ အကျိုးရှိစေရန်နှင့် နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံသူများလည်း အကျိုးစီးပွားဖြစ်ထွန်း၍ စိတ်ဝင်စားမှုရှိစေရန် တိကျပွင့်လင်းမြင်သာအောင် ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းဖော်ပြရန် လိုအပ်ပါတယ်။ (၄) အခန်း (၆) ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ တို့တွင် ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဥပဒေနှင့်အညီ လုပ်ကိုင်နိုင်ရေး အလေးထားပြီး တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ သဘောထားကို ရှေ့တန်းတင် ဆောင်ရွက်ခြင်းမျိုး မပြုလုပ်မိရန် ထည့်သွင်းရေးဆွဲရမည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးကိုရှေးရှု၍ ပွင့်လင်းမြင်သာသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ပေါ်လာရေးအတွက် ပြည်ထောင်စု လွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ Check and Balance စနစ်ပါသော ဥပဒေရေးထုံးများကို ရေးဆွဲနိုင်ခြင်းဖြင့် မလိုလားအပ်သည့် လူပုဂ္ဂိုလ်ကြောင့်ဖြစ်သော အမှားအယွင်းများမှ ကာကွယ်နိုင်မည် ဖြစ်ပါတယ်။ (၅) အခန်း(၇) ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ တို့၌ ရင်းနှီးမြှုပ်နှံသူ၏တာဝန်နှင့် အခွင့်အရေးများကို ဖော်ပြရာတွင် ဤဥပဒေပြဋ္ဌာန်းချက်နှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာနိုင်ရန် ထည့်သွင်းရေးဆွဲရန် လိုအပ်ပါမယ်။ (၆) အခန်း(၁၀) ပုဒ်မ ၂၂ ၌ အမှုထမ်းများနှင့် အလုပ်သမားများ ခန့်ထားခြင်းဆိုရာတွင် လုပ်ငန်းစတင်ကာလကပင် နိုင်ငံသားများ မဖြစ်မနေအလုပ်အကိုင်ရရှိစေရန် မူဝါဒများထည့်သွင်း၍လည်းကောင်း၊ အခြားနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင်ပါရှိသကဲ့သို့ မိမိနိုင်ငံသားများ အလုပ်ရရှိစေမည့် အစီအမံများကို လေ့လာ၍လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၃၁ တို့နှင့်အညီ ရေးဆွဲသင့်ပါတယ်။ (၇) အခန်း (၁၁) ပုဒ်မ ၂၅ ၌ ကင်းလွတ်ခွင့်၊ သက်သာခွင့်များသည် တိကျစွာဖော်ပြထားသော ဥပဒေအရေးအသားမျိုးသာဖြစ်ရမည်။ ဥပဒေအားနည်းချက်ကြောင့် တစ်ဦးတစ်ယောက်သို့မဟုတ် ကော်မရှင်၏ဆန္ဒဖြင့် ခွင့်ပြုမှုပေးခြင်း အရေးအသားမပါရှိစေရန်အတွက်လည်းကောင်း၊ တည်ဆဲအခွန်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာရန်နှင့် တည်ဆဲအခွန်ဥပဒေများကို ကျော်လွန်သောရေးထုံးများဥပဒေတွင် မပါရှိစေရန် သတိပြုဖို့လိုအပ်ပါမယ်။ (၈) အခန်း(၁၃) ပုဒ်မ ၂၉၊ ၃၀၊ ၃၄ တို့၌ မြေအသုံးပြုခွင့်တွင် မြေနှင့်ပတ်သက်သည့် တည်ဆဲဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲရန် လိုအပ်ပါတယ်။ (၉) အခန်း(၁၇) ပုဒ်မ ၄၀ ၌ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များအပိုင်းတွင် ပြစ်ဒဏ်သင့်သူများသည် ဆက်လက် ဖောက်ဖျက်ဆောင်ရွက်ခြင်းရှိပါက ထောင်ဒဏ်၊ ငွေဒဏ် အများဆုံး ချမှတ်ရမည့် အရေးအသားများပါဥပဒေတွင် တိကျစွာဖြည့်စွက်ရန် နိုင်ငံတကာစံနှုန်းနှင့်အညီ ရေးဆွဲသင့်ပါတယ်။ (၁၀) အခန်း (၁၉) အထွေထွေအပိုင်း ပုဒ်မ ၄၂ တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့၊

သတ္တုစတဲ့ သယံဇာတနှင့် စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အခန်းတစ်ခုအဖြစ် သီးခြားဖော်ပြပြီး မိမိနိုင်ငံအတွင်းမှာရှိတဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့များ မိမိပြည်သူများ သုံးစွဲခွင့်မရသည့် အတွေ့အကြုံများရရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုံစံမျိုးကို ထပ်မံမဖြစ်ပေါ်စေရန်အတွက်လည်းကောင်း၊ သတိပြုဆောင်ရွက်ပြီး ၎င်းကဲ့သို့သော လုပ်ငန်းကြီးများကို ပြည်ထောင်စုလွှတ်တော်မှ သဘောတူညီချက်ရယူပြီး ပြည်ထောင်စုအစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ဤဥပဒေကြမ်းအား ပြည်စုံအောင် တိကျသောရေးထုံးများနှင့်အတူ ရေးဆွဲသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပါရှိသည့်အကြောင်းအရာများသည် မိမိနိုင်ငံနှင့် မိမိလူမျိုးတို့၏ အချုပ်အခြာအာဏာကို မထိခိုက်စေရန်အတွက် များစွာသတိပြုရပါမယ်။ ခေတ်နောက်ကျကျန်နေသော မိမိနိုင်ငံနှင့် မိမိလူမျိုးတို့ကို ထည့်သွင်းစဉ်းစား၍ မိမိနိုင်ငံသားများ အဆင့်မြင့်နည်းပညာရရှိရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများရရှိရေးတို့ပါဝင်ရန် ဥပဒေကြမ်းကိုရေးဆွဲဖို့ လိုအပ်ပါမယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားကို ကာကွယ်နိုင်ပြီး နိုင်ငံသားများသည် နိုင်ငံခြားသားများနှင့် တန်းတူရည်တူရင်ပေါင်တန်း၍ စီးပွားရေးလုပ်ငန်းများ အတူတကွ လုပ်ကိုင်နိုင်ရေးကိုထည့်သွင်းရမည်။ မိမိတို့ရေးဆွဲသောဥပဒေသည် ပြည်သူ့အကျိုးကို ကာကွယ်နိုင်ပြီး ဥပဒေကို ကိုင်တွယ်သုံးစွဲသူများလည်း ရှင်းလင်းလွယ်ကူ၍ အမှားမပြုနိုင်ပဲ ဥပဒေစိုးမိုးမှုရှိသည့် ရေးထုံးများကိုသာ ထည့်သွင်းစဉ်းစားရန် အရေးကြီးပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသည် အနာဂတ်တွင် မိမိနိုင်ငံတော်နှင့် နိုင်ငံသားများကို တိုးတက်ဖွံ့ဖြိုးစေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်လိုသူ အားလုံးတို့သည်လည်း ထိုက်သင့်သော အကျိုးခံစားခွင့်ရရှိ စေရန်နှင့်လိုအပ်သော အကာအကွယ်များရရှိစေရန် ဥပဒေရေးဆွဲနိုင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အမှန်တကယ် ဖိတ်ခေါ်နိုင်မည်ဖြစ်ပါကြောင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါ်တင်နွယ်ဦး ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှ ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ပြည်ထောင်စုလွှတ်တော်ကို

တင်သွင်းတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်ပတ်သက်လို့ အနည်းငယ်လေးပဲ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့အချက်ကလေးလောက်ပါပဲ။ ပထမဦးဆုံးအနေနဲ့ ကျွန်မတို့က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ဖြည့်စွက်ရေးသားတဲ့အခါမှာ နိုင်ငံရေးအပြောင်းအလဲကြောင့်ပြင်ဆင်ဖြည့်စွက်တာဆိုလို့ရှိရင် စီးပွားရေးစနစ်ကိုပြောင်းမှ ဖြစ်မှာပါ။ စီးပွားရေးစနစ်ပြောင်းဖို့ဆိုတဲ့အခါကျတော့ စီးပွားရေးနှင့်ဆိုင်တဲ့ နည်းပညာဆိုင်ရာလုပ်ထုံး လုပ်နည်းတွေအကုန်လုံးပြောင်းဖို့ကပိုလိုအပ်ပါတယ်။ အဲဒီတော့ အထူးအားဖြင့် အခြေခံအဆောက်အအုံဖြစ်တဲ့ ကျွန်မတို့တိုင်းပြည်မှာဘယ်တော့မှ ပြည့်စုံမှုမရှိသော အခြေခံအဆောက်အဦဖြစ်တဲ့ လမ်းတွေ၊ တံတားတွေ၊ မီးမလာတဲ့ကိစ္စ၊ တယ်လီဖုန်းကိစ္စ၊ IT ဆက်သွယ်ရေးကိစ္စတွေ နောက်အရေးကြီးတာကတော့ အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားကြီးပြောင်းဖို့လိုပါတယ်။ Strong and Efficiency ဖြစ်တဲ့အုပ်ချုပ်ရေးယန္တရားအပြင်ရိုးသားဖြောင့်မတ်တဲ့ အုပ်ချုပ်ရေးယန္တရားရှိဖို့လည်း လိုအပ်ပါတယ်။ အထူးအားဖြင့် အစိုးရရဲ့ငွေကြေးပေါ်လစီ (Monetary Policy) ကြီးတစ်ခုလုံးရဲ့ အဓိကကျတဲ့ Banking System ကြီးကိုလည်း ပြောင်းဖို့အရေးကြီးပါတယ်။ ကျွန်မတို့ဆီမှာရှိနေတဲ့ စီးပွားရေးဘဏ်ဆိုတဲ့ဟာတွေကတကယ့်တကယ်ကျတော့ ငွေတိုက်လုပ်ငန်းတွေပဲ လုပ်နေတာဖြစ်ပါတယ်။ စီးပွားရေးအလုပ်ကိုတစ်စိုက်မတ်မတ်ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ခြင်းမရှိသေးပါဘူး။ အဲဒီတော့ ကျွန်မအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့လူတွေ ဆွဲဆောင်ဖို့အတွက် လိုအပ်တဲ့အချက်ကလေးတွေ နည်းနည်းထည့်ပြီးဆွေးနွေးချင်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ကျွန်မတို့တိုင်းပြည်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံတဲ့သူတွေအနေနဲ့ မိမိတို့ဒီတိုင်းပြည်နဲ့ပတ်သက်လို့ သူတို့ Survey လုပ်တာရှိမယ်။ Physical Study လုပ်တာရှိမယ်။ အဲဒါတွေ အမြဲတမ်းအရင်ဆုံးလုပ်လာမှာပါ။ အဲဒီအခါမှာ သူတို့လုပ်ထားတဲ့အတိုင်းကြိုတင်ခန့်မှန်းတွက်ချက်ထားတဲ့အတိုင်း တည်ငြိမ်တဲ့ Macro Economic Policy အရ ယှဉ်ပြိုင်နိုင်စွမ်း တကယ်ရှိရဲ့လား၊ နောက်တစ်ခု စီးပွားရေးတည်ငြိမ်မှုကော အမှန်တကယ်ရှိရဲ့လားဆိုတာသူတို့ဘက်က သုံးသပ်မှာပါ။ နောက်တစ်ချက်က အစိုးရရဲ့ စီးပွားရေးနှင့်ပတ်သက်တဲ့ မူဝါဒတွေကTransparent ဖြစ်ရဲ့လား၊ ထင်သာမြင်သာရှိရဲ့လား မူဝါဒတွေကို မကြာခဏပြောင်း၊ Policy ကိုခဏခဏပြောင်းနေတဲ့အကျင့်တွေကို နည်းပါးဖို့အတွက်လည်း အဓိကကျတဲ့ ဝန်ကြီးဌာနတွေကလည်းအမှန်တကယ် ဦးဆောင်နိုင်မှုရှိ၊မရှိ။ တကယ် National Leadership ရှိ၊ မရှိ ဆိုတာကြည့်ကြမှာပါ။ အဲဒီအခါမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေအတိုင်းဆောင်ရွက်မှု ရှိ၊ မရှိ ထည့်သွင်းစဉ်းစားကြမှာပါ။ နောက်တစ်ချက်ကတော့ ရင်းနှီးမြှုပ်နှံမှုလိုအပ်တဲ့ အခြေခံအဆောက်အဦတွေအပြင် လူ့စွမ်းအား

အရင်းအမြစ် Skill Labour ကဘယ်လောက်လောက်ရှိမလဲ သူတို့တွက်မှာပါ။ အဲဒီတော့ အထူးအားဖြင့် သင်ယူနိုင်စွမ်းရှိတဲ့ Capacity ရှိတဲ့ Labour ရှိသလား။ စီမံခန့်ခွဲနိုင်စွမ်းရှိတဲ့ Labour ရှိသလားဆိုတာ ထည့်တွက်မှာပါ။ နောက်ဈေးကွက်ကလည်း မြန်မာပြည်မှာ ကျွန်မတို့ဆီမှာရှိတဲ့ ဈေးကွက်အနေနဲ့ လွပ်လပ်စွာပြိုင်ဆိုင်နိုင်စွမ်းရှိတဲ့ ဈေးကွက်ရှိရဲ့လား။ နောက် ဈေးကွက်ကို တကယ်လို့ တိုးချဲ့ဖို့လိုအပ်လျှင် အစိုးရရဲ့စွက်ဖက်မှုအနည်းအများ နောက်ပြီးတော့ အစိုးရက ချမှတ်ထားတဲ့ လိုက်နာရန်စည်းကမ်းချက်တွေ ကန့်သတ်မှုတွေ၊ ဘာတွေရှိသလဲ။ အဲဒါထည့်စဉ်းစားရမှာပါ။ နောက်တစ်ခုက Copy Right တို့ Patent Right တို့နဲ့ပတ်သက်တဲ့ ပိုင်ဆိုင်မှုအခွင့်အရေး၊ တီထွင်မှု မူပိုင်ခွင့်တွေနဲ့ပတ်သက်တဲ့ မည်မျှလောက်ကာကွယ်မှုရှိသလဲ။ အစိုးရက မည်မျှလောက်ကာကွယ်မှုပေးနိုင်သလဲ။ ဥပဒေ၊ နည်းဥပဒေတွေ ဘာတွေသုံးထားသလဲ ကြည့်မှာပါ။ နောက်ပြီးတော့ အဆင့်မြင့်နည်းပညာနဲ့ ကုန်ထုတ်လုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ ကျွန်မတို့ စီးပွားရေးဝေါဟာရအရ land Labour Capital ဖြစ်တဲ့ မြေတွေ၊ အလုပ်သမားအင်အား အရင်အနှီး နောက်တစ်ခုက စီမံခန့်ခွဲနိုင်စွမ်း ဘယ်လောက်ထိရှိနိုင်သလဲ ကြည့်မှာပါ။ မြေနဲ့ပတ်သက်လို့က ငှားရမ်းခွင့်ကာလတွေရှိမယ်။ ရင်းနှီးပစ္စည်းနဲ့ပတ်သက်လို့ ဘယ်လောက်ကာကွယ်နိုင်စွမ်းရှိသလဲ။ ကာကွယ်ပေးတဲ့ဥပဒေတွေရှိသလဲ။ နောက်ပြီးတော့ ဘယ်လောက်အာမခံနိုင်မှု ပေးသလဲဆိုတာတွေ ကြည့်မှာပါ။ နောက်တစ်ချက်ကတော့ တိုင်းပြည်မှာ လှည့်ပတ်သုံးစွဲနေတဲ့ Money Recirculatiion ငွေကြေးရဲ့တည်ငြိမ်မှုဘယ်လောက်ရှိသလဲ။ နောက်တစ်ခုက Foreign Exchange နဲ့ပတ်သက်လို့ နိုင်ငံခြားငွေလဲလှယ်နှုန်းသည် သင့်တင့်သောဈေးကွက်ပေါက်ဈေးအတိုင်းဖြစ်ဖို့ လိုအပ်ပါတယ်။ စီးပွားရေးအကျိုးအမြတ်နှင့်ပတ်သက်လို့ရှိရင်လည်း မိမိတို့ရတဲ့အကျိုးအမြတ်တွေကို ပြန်ပြီးတော့ အတိုးငွေတွေကို လွှဲပြောင်းနိုင်ဖို့က အဆင်ပြေရဲ့လား။ နောက်ပြီးတော့ Reinvestment လိုလို့ ရ၊ မရ။ တကယ်လို့ ဆက်ပြီးရင်းနှီးချင်တယ်ဆိုရင်၊ တိုးချဲ့ချင်တယ်ဆိုရင် ပြန်ပြီးတော့ Investment လုပ်လို့ ရသလားဆိုတာစဉ်းစားမှာပါ။ နောက် ကျွန်မတို့အခွန်စနစ်က သင့်တင့်မျှတပြီးတော့ ဆွဲဆောင်နိုင်မှုရှိရဲ့လား။ Tax Holiday ကာလ လုပ်ငန်းစတင်တဲ့အချိန်မှာပေးတဲ့ Tax Holiday ကာလမှာ အခွန်ကင်းလွတ်ခွင့်ကာလမှာ ဘယ်လောက်ကြာကြာပေးနိုင်သလဲ။ သီးခြား Selected Industry Policy တွေ ရှိသလား။ ကြည့်ကြမှာပါ။ နောက်တစ်ခုက ကုန်သွယ်ရေးနှင့်ပတ်သက်တဲ့ သက်ဆိုင်တဲ့ အခွင့်အလမ်းတွေအားလုံး တကယ့်တကယ် လက်တွေ့လုပ်တဲ့အခါမှာကျတော့ တကယ်ပဲ လမ်းဖွင့်ထားသည်ဆိုသည့်အတိုင်း ဖွင့်ထားရဲ့လားဆိုတာ ကြည့်ကြရမှာပါ။ အဲဒီတော့ သူများအနေနဲ့က အဲဒီလို

ကြည့်တဲ့အခါ ကျွန်မတို့က ဒီဘက်ကနေ ဘာပြန်ကြည့်မလဲဆိုတော့ Trade Surplus ဖြစ်ဖို့ အဓိကထားရပါမယ်။ ကျွန်မတို့အတွက် အကျိုးရှိဖို့ အဓိကထားရမယ်။ အဲဒီအခါမှာ ကျွန်မတို့ အလုပ်အကိုင်တွေဖန်တီးပေးတဲ့ လုပ်ငန်းတွေဦးစားပေးရမှာပါ။ တစ်နည်းအားဖြင့်ဆိုရင် Employment Creation ဖြစ်ရအောင် ဦးစားပေးရမယ်။ ဆင်းရဲမှုလျှော့ချရေး အလုပ်အကိုင်ရရှိရေးဆိုတော့ ကျွန်မတို့က လာရောက်ရင်းနှီးတဲ့သူတွေကို Productive investment အနေနဲ့ ရင်းနှီးဖို့ ကျွန်မဆိုလိုတာက ပိုပြီးတော့ ရင်းနှီးချင်အောင်လို့ Industry Policy တွေကို Selected လုပ်ပြီးတော့ ပိုဦးစားပေးပြီးတော့ ရင်းနှီးဖို့ဆိုလိုတာပါ။ အဲဒီတော့ နောက်တစ်ဖက်က ပြောမယ်ဆိုရင်လည်း ဒီရေနံတို့၊ သဘာဝဓာတ်ငွေ့လုပ်ငန်းတွေဟာဆိုလို့ရှိရင် အဲဒီ Productive investment မဟုတ်ဘူး။ ဒါပေမယ့် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို Labour Incentive က အထောက်အကူမပြုဘူး။ ဒါပေမယ့် ပြည်တွင်း အလုပ်သမားတွေ Capacity ပေါ့။ လုပ်ငန်းကျွမ်းကျင်မှုကိုတိုးလာစေတယ်။ နောက်ပြီးတော့ Technical Transfer ဖြစ်တယ်ဆိုလို့ရှိရင်တော့ ကန့်သတ်ချက်တွေနဲ့ တိုင်းပြည်နှင့် လူမျိုးအတွက် ခွင့်ပြုသင့်ပါတယ်လို့ ဆွေးနွေးတင်ပြအပ်ပါတယ်။ နောက်တစ်ခုက ကျွန်မက ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်ပတ်သက်ပြီးတော့ ပြင်ဆင်ချင်တဲ့အပိုဒ်ကလေးတွေကို ပြောပြပါမယ်။ ပုဒ်မ ၄ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅ ၊ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၅ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (က)၊ ပုဒ်မ ၄၀ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၄၈ တို့ကို ပြင်ဆင်ချင်ပါတယ်။ အပြီးအပိုင်လုံးဝပယ်ဖျက်ချင်တာက ပုဒ်မ ၄၃ နှင့် ပုဒ်မ ၅၀ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်၊ အချိန်ကိုလေးစားသောအားဖြင့် ပြင်ဆင်လိုသော၊ ပယ်ဖျက်လိုသောပုဒ်မများကို ရေးရာအစည်းအဝေးကျမှ ဆက်လက်တင်ပြပါမယ်ရှင်။ ကျွန်မအနေနဲ့ လွတ်လပ်တဲ့လွှတ်တော်ကြီးမှာ လွတ်လပ်စွာတင်ပြခွင့်ရတာကို ကျေးဇူးတင်ရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒေါ်စန္ဒာမင်း၊ ဇဗ္ဗူသီရိမဲဆန္ဒနယ်မှ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်စန္ဒာမင်း(ဇဗ္ဗူသီရိမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ နေပြည်တော်၊ ဇဗ္ဗူသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း ဖြစ်ပါတယ်။ ကျွန်မဒီနေ့ အကြံပြုတင်ပြလိုတာကတော့ ၁၉၈၉ ခုနှစ်က ပြဋ္ဌာန်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည်စိစစ်သုံးသပ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းနိုင်ရန် ခြုံငုံဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်မတင်ပြလိုတာကတော့ အချက်ကလေး နှစ်ချက်ပဲရှိပါတယ်။ ယခုတင်ပြလိုက်တဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေလို့ဆိုသော်လည်း မြန်မာနိုင်ငံသားများရဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ကောင်းကျိုးတွေ၊ ဆိုးကျိုးတွေ သက်ရောက်လာနိုင်ပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးမူဝါဒတွေ ပြောင်းလဲလုပ်ကိုင်ရာမှာ တိုင်းရင်းသားလုပ်ငန်းရှင်များ ဆက်လက်ရှင်သန်လုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်းများကိုလည်းပေးဖို့ထည့်သွင်းစဉ်းစားသင့်ပါတယ်။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ အခန်း (၄) ကို နည်းနည်းဆွေးနွေးချင်ပါတယ်။ နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းရှင်များကို နိုင်ငံခြားမတည် ငွေရင်းရာခိုင်နှုန်းပြည့်ဖြင့် ဆောင်ရွက်ခြင်းကို နိုင်ငံသားများမလုပ်နိုင်တဲ့ အဆင့်မြင့်နည်းပညာပါရှိသောလုပ်ငန်းများတွင်သာ လုပ်ကိုင်ခွင့်ပေးတာ မှန်ပါတယ်။ ဒီအဆင့်မြင့် နည်းပညာပါရှိတဲ့ လုပ်ငန်းများအပြင် ရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်သော တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသောလုပ်ငန်းများကိုသာ ခြွင်းချက်ဖြင့် ရာခိုင်နှုန်းပြည့်ခွင့်ပြုသင့်ပါတယ်။ ဒါမှမဟုတ်ရင် ပြည်တွင်းလုပ်ငန်းရှင်များထက် အစစအရာရာသာလွန်သော နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေ ဝင်ရောက်လာရင် ပြည်တွင်းမှာရှိတဲ့ အလားတူလုပ်ငန်းတွေက ပျောက်ကွယ်သွားနိုင်ပါတယ်။ (၂) အချက်အနေနဲ့ နိုင်ငံခြားသားနှင့် နိုင်ငံသားအချိုးကို ၄၉း၅၁ အတိုင်းပါဝင် ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုခြင်းဟာ

အသင့်လျော်ဆုံး ဖြစ်တယ်လို့ ထင်ပါတယ်။ သို့မှသာ ပြည်တွင်းလုပ်ငန်းရှင်များရဲ့ Majority Share ကို ပိုင်ဆိုင်ထားမှ မိမိတို့ရဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရာလည်း ရောက်ပါမယ်။ ထိုအချိုးနဲ့ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှာ ကျင့်သုံးအောင်မြင်နေတာကိုလည်း တွေ့ခဲ့ပါတယ်။ နောက်အချက်တစ်ခုကတော့ အခန်း(၁၁)ကို နည်းနည်း ဆွေးနွေးချင်ပါတယ်။ အဲဒါကတော့ အခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေပေးထားတဲ့အပိုင်းပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်အခွင့်အရေးများပေးမည်ဆိုရင် တစ်ဖက်မှာလည်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူတွေကို ထိုထက်မနည်းတဲ့ အခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေပေးသင့်ပါတယ်။ ဥပမာအားဖြင့် မိမိတို့ ပြည်တွင်းလုပ်ငန်းရှင်များ ပြည်တွင်းမှာထုတ်လုပ်ပြီးတော့ နိုင်ငံခြားကိုတင်ပို့တဲ့အခါမှာ ကုန်သွယ်လုပ်ငန်းခွန်တွေ ဆောင်ရပါတယ်။ ပြည်တွင်းမှာ ရောင်းချမယ်ဆိုရင်လည်း ကုန်သွယ်လုပ်ငန်းခွန်ဆောင်ရပါတယ်။ ဥပမာအားဖြင့် စားသောက်ကုန်လုပ်ငန်းဆိုလျှင် ၂၀ ရာခိုင်နှုန်းအထိ ပေးဆောင်ရပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၁၇ ရက်ကဆိုရင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကို ဒီစားသောက်ကုန်လုပ်ငန်းက ကုန်သွယ်လုပ်ငန်းခွန် လျှော့ပေါ့ဖို့တင်ပြထားချက်ဆိုရင်လည်း ခုချိန်ထိ အဖြေမရရှိသေးပါဘူး။ သို့မဟုတ်ရင် မိမိတို့ရဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံသူများက နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများနှင့် မယှဉ်ပြိုင်နိုင်တော့ဘဲ SME, SMI များ ပျောက်ကွယ်သွားနိုင်ပါတယ်။ ဥပမာ ထိုင်းနိုင်ငံမှာဆိုရင် ၎င်းနိုင်ငံမှာရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းရှင်တွေကို ပေးထားတဲ့ အခွင့်အရေးတွေကို အခြားသော ASEAN ဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံသူများကို တန်းတူပေးမထားပါဘူး။ ၎င်းနိုင်ငံရဲ့ SME, SMI တွေကို ကာကွယ်ပေးထားတာကို တွေ့ရပါတယ်။ အဲဒါမှသာ ပြည်တွင်းလုပ်ငန်းရှင်တွေဟာ နိုင်ငံခြားကုမ္ပဏီကြီးများရဲ့ ဝန်ထမ်းတွေ၊ အလုပ်သမားဘဝကို ရောက်ရှိမသွားမှာဖြစ်ပါတယ်။ သို့ကြောင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍအရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်ရာမှာ နိုင်ငံတော်နှင့် ပြည်သူတို့ရဲ့ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေရေးများကိုလည်း အထူးအလေးထားဆောင်ရွက်ပေးသင့်ကြောင်းတင်ပြအပ်ပါတယ်။ ထို့အပြင် ကျွန်မရဲ့အတွေ့အကြုံအရ ကျွန်မတို့နိုင်ငံမှာ ဘယ်လိုပဲ ဥပဒေတွေ ပြင်ဆင်ထား၊ ပြင်ဆင်ထား မည်သည့်ဥပဒေများကို ကြိုးစားပြီးရေးဆွဲခဲ့ တကယ်တမ်း အလုပ်လုပ်ကိုင်လာတဲ့အချိန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လူများရဲ့အဂတိလိုက်စားမှု၊ ဘက်လိုက်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အခုလွှတ်တော်ကြီး ပေါ်ပေါက်လာပါပြီ။ လွှတ်တော်အတွင်းမှာလည်း ကြိုးစားပမ်းစားရေးဆွဲထားတဲ့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

ဥပဒေဟာ ခေတ်ဟောင်းက အကျင့်စရိုက်တွေပျောက်ပြီးတော့ အမှန်တကယ်ပဲ ကျင့်သုံးနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ တစ်ခုပေါ်ပေါက်လာဖို့ ကြိုးစားသင့်ပါတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ Optimum Solution ဆိုတာ ခန့်မှန်းရခက်ပါတယ်။ အဲဒါကြောင့်မို့လို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက် လိုချင်ရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြည်တွင်းမှာရှိတဲ့ ပြည်သူတွေရဲ့ အကျိုးစီးပွားဖွံ့ဖြိုး တိုးတက်မှုကို မထိခိုက်စေရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြရင်း နဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါလို့ ဦးစွာ ပထမနှုတ်ခွန်းဆက်သပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် တစ်ဦးဖြစ်ပါတယ်။ ဒါ့အပြင် အစိုးရရဲ့ကတိနှင့်အာမခံချက်များ စိစစ်ရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချိန်ကို ငဲ့ညှာသောအားဖြင့် မှတ်စုကို ကြည့်ရှုတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီကနေ့ ကျွန်တော်က ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ဇူလိုင် ၁၃ ရက်နေ့က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပြီး သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြန်လည်သုံးသပ်တင်ပြခြင်းဟာ ပြည်သူ့လွှတ်တော်က ဆက်လက်အရေးယူ ဆောင်ရွက်ပြီးမှ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သင့်သော အခြေအနေ ဖြစ်ကြောင်းဆိုတဲ့ ရှုထောင့်အသစ်မှ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းဟာ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေကို လာစေလိုတာမှန်ပေမယ့် ကိုယ်နိုင်ငံသားတွေ အနစ်နာခံပြီး စျေးပေါပေါနဲ့ လက်ယပ်ခေါ်ရမယ့်ကိစ္စမဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀ မှာ နိုင်ငံတော် သည် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိတို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ အခုဟာက နိုင်ငံသားတွေက ဒီပြဋ္ဌာန်းချက်ထဲက ပစ္စည်းတွေကိုတောင် ဖြည့်ဆည်းပေးဖို့ တောင်းခံတဲ့ အဆင့်ကို မရောက်သေးပါဘူး။ သူတို့လက်ထဲမှာ ရှိတာလေးတွေ ကုန်မှာစိုးလို့၊ ထိတ်ထိတ်လန့်လန့်နဲ့ တင်ပြလာတဲ့အဆင့်ပဲ ရှိပါတယ်။ ဒီတင်ပြချက်တွေသာ တကယ်တော့ အခုမှမဟုတ်ပါဘူး။ မနှစ်က ရန်ကုန်မှာပဲတွေ့တွေ့၊ မကွေးကုန်စည်ဒိုင်မှာပဲဆုံဆုံ၊ မန္တလေးမြို့တော်ခန်းမမှာပဲ ဆွေးနွေးဆွေးနွေး တိုင်းရင်းသားလုပ်ငန်းရှင်တွေဟာ နိုင်ငံကြီးအချို့ရဲ့ အနိုင်ကျင့်စီးပွားရေးပိတ်ဆို့ခံရမှုတွေနဲ့အတူ

အသက်ထွက်လုခမန်း ဖြစ်နေပါပြီဆိုတာ ကျွန်တော်တို့ ကော်မတီတွေ မကြားချင်မှအဆုံး ဖြစ်ပါတယ်။ လွှတ်တော်စီးပွားရေးကော်မတီတစ်ရပ်အနေနဲ့ ကျွန်တော်တို့ထံမှ မှတ်တမ်းများခိုင်မာစွာရှိကြောင်းလည်း တင်ပြလိုပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်တင်ပြချက်တွေဟာ ကျွန်တော်တို့ကို ဥပဒေစာသားလေးတွေနဲ့ပဲ ကူညီခိုင်းနေတာ ဖြစ်ပါတယ်။ ဘယ်သူက ခိုင်းနေတာလဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄ အရ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ဆင်းသက်လာရာ မူလပိုင်ရှင်နိုင်ငံသားများက ခိုင်းနေတာဖြစ်ပါတယ်။ အထက်က ပုဒ်မ ၄ နှင့် ပုဒ်မ ၃၀ ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူများဖြစ်ပါတယ်။ တစ်ခါဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၈ မှာ နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာမှာ လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် အခုကျွန်တော်တို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြန်လည် သုံးသပ်ပြုစုတော့မယ့်နေရာမှာ အဆိုပါလမ်းညွှန်မှု ပုဒ်မ ၄ နှင့် ပုဒ်မ ၃၀ကို ခံယူမည်လား သို့မဟုတ် မခံယူဘဲနဲ့ ကိုယ်လိုရာဆွဲပြီးတော့ပဲ ဆုံးဖြတ်ကြမလားဆိုတာ ထောက်ပြလိုပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ သုံးသပ်ချက်ကို ခြုံငုံကြည့်ရင် နိုင်ငံသားတွေစိုးရိမ်တဲ့အဓိကအချက်က ပြည်တွင်းဘဏ္ဍာရေးအထောက်အပံ့တွေ Banking Industry အား မကောင်းသေးဘဲနဲ့ နိုင်ငံခြားသားဘက်မှကြတော့ MOU လေးတစ်ရွက်ရှိတာနဲ့ နိုင်ငံတကာချေးငွေ၊ စတော့အရင်းအနှီးစတာတွေ ရနိုင်တဲ့ ပြည်ပကုမ္ပဏီကြီးတွေကို ယှဉ်ပြိုင်နိုင်ရန် အချိန်အခါကောင်း မဟုတ်သေးတာကို ဖော်ပြနေတာပဲ ဖြစ်ပါတယ်။ ကိုယ့်နိုင်ငံသားတွေကို ကြောက်တတ်ရန်ကောလို့ အပြစ်တင်စောလို့ မဖြစ်ပါဘူး။ မသင့်ပါဘူး။ သက်သေခံအားဖြင့် ဒီနေ့မနက်ပိုင်း ဒီလွှတ်တော်အစီအစဉ်မှာပဲ စက်မှုဝန်ကြီးဌာနက လာရောက်ရှင်းလင်းပြတာ အားလုံးကြားသိပြီးပါပြီ။ SME ၃၇၇ ခုကို ချေးငွေထုတ်ပေးထားတယ်လို့ ပြောပါတယ်။ ဒါဟာ မှတ်ပုံတင်ထားတဲ့ SME ၄၄၀၀၀ ရဲ့ တစ်ရာခိုင်နှုန်းအောက်လျော့တဲ့ ပမာဏဖြစ်ကြောင်း ချက်ချင်းသိဖို့လွယ်ပါတယ်။ ရှေ့ဆက်ပြီးတော့ ဝန်ကြီးဌာနက အမတော်ကြေးများပေးဖို့ ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်လည်း ရပြီးပြီလို့ပြောပါတယ်။ ဒါဆိုရင် ကျန်တဲ့ ၉၉ ရာခိုင်နှုန်းအပေါ်မှာ ဘယ်လောက် Recover ဖြစ်အောင် အမတော်ကြေးပေးမယ်ဆိုတာ တိတိကျကျ ပွင့်ပွင့်လင်းလင်း မသိနိုင်သေးပါဘူး။ အဲဒီမေးခွန်းဖြေတဲ့အချိန်တုန်းက ကတိအာမခံကော်မတီအနေနဲ့ အချိန်ကို ငဲ့ညှာလို့သာ Counter Question မမေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် FDI ကို လည်လည်ဝယ်ဝယ်လုပ်စားနေတဲ့ ပတ်ဝန်းကျင်နိုင်ငံများနည်းတူ ဘယ်လိုလုပ်ငန်းတွေကို ခွင့်ပြုမယ်၊ ဘာတွေကိုချန်ထားမယ် ဆိုတဲ့စာရင်းကို လွှတ်တော်ရင်းနှီးမြှုပ်နှံမှု ကော်မတီကတစ်ခါတည်း စာရင်း

လုပ်ထားသင့်ပါပြီ။ လွှတ်တော်က ဒီစာရင်းကို အခြားနိုင်ငံတွေရဲ့ နမူနာအတိုင်း၊ မူရင်းဥပဒေ ပင်မကိုယ်ထည်ကြီးထဲမှာ ထည့်မလား၊ နည်းဥပဒေကျမှ ထည့်မလားဆိုတာ လွှတ်တော်ကို တင်ပြ ပေးရင်ကောင်းပါမယ်။ နည်းပညာကြောင့် ထုတ်ကုန်အမယ်တွေ ပြောင်းတတ်တာမျိုးကြောင့် အခြားနိုင်ငံတွေမှာလည်း လိုက်ပြောင်းရတာပါပဲ။ ဒါပေမယ့် ဥပဒေကို မပြောင်းရဘဲ ကုန်ပစ္စည်း ထုတ်ကုန်အမယ်တို့သာ ပြောင်းရလို့ Amendment လိုက်ရတာ သိပ်ပြီးတော့ လက်ဝင်တာမရှိပါဘူး။ လက်ရှိထုတ်ကုန်တွေကိုသာ ခြုံငုံမိအောင် ဖော်ပြနိုင်ရန်လည်း လုံလောက်ပါတယ်။ နိုင်ငံသားတို့ လက်ရှိစိုးရိမ်နေတာက လုံးဝသာဖော်ပြမထားဘူးဆိုရင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အစိုးရထံ အမိန့်တောင်းခံပြီး ဘာတွေလုပ်မယ်ဆိုတာ မခန့်မှန်းနိုင်အောင်ဖြစ်နေတဲ့ စိတ်မောရတဲ့ ဖြစ်စဉ် တစ်ခုကို တွေ့ရှိပါတယ်။ ဥရောပနိုင်ငံထဲက ဂျာမန်လွှတ်တော်ရဲ့ ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့် တဲ့ စတူဒီယိုတိုက်ကြီးရဲ့ လွှတ်တော်အဝင်မှာ အမျိုးသားလူရုပ်တုတွေဟာ ကောင်းကင်ကို မျက်နှာမူပြီး ပက်လက်အနေအထားနဲ့ တိုက်နံရံကို ခြေကန်တတ်သွားတဲ့ပုံတွေ အများကြီး ထုလုပ်တပ်ဆင်ထားတာ တွေ့ရပါတယ်။ အဝတ်အစားမပါတဲ့ ဗလာရုပ်တုတွေ ဖြစ်ပါတယ်။ ဒါဟာ ပွင့်လင်းမြင်သာမှုရှိခဲ့ရင် နံရံကို ရင်ကော့ပက်လက်တက်ရင်တောင် လေထဲမှာ ပြုတ်မကျဘဲ တည်ငြိမ်နေနိုင်တယ်လို့ လွှတ်တော်ကိုယ်စားလှယ်တွေကို နေ့စဉ် ရုံးတက်ရုံးဆင်းအပေါက်ဝမှာ သတိပေးနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းထဲမှာ နိုင်ငံသားတွေ မြင်ချင်တာက ပွင့်လင်းမြင်သာမှု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့က ပြောပါတယ်။ ဥပဒေဟာ ဥပဒေပုံစံနှင့်တူအောင်သာ ထုတ်ပါတဲ့၊ ရှိရှိသမျှလူတိုင်း နားလည်အောင် အသေးစိတ်စရာ မလိုပါဘူးလို့လည်း ပြောပါတယ်။ မမှားပါဘူး။ ဒါပေမယ့် ဥပဒေရေးရာ အခမ်းအနားတစ်ခုမှာ ဥပဒေဆရာကြီးတစ်ယောက်က သူ့တပည့်ရှေ့နေတွေ ကို ဆုံးမဖူးတာ ရှိပါတယ်။ မင်းတို့က ဥပဒေပညာရှင်တွေဆိုပြီး ဥပဒေကို ဒို့ပြုတတ်တယ်၊ ဒို့ရေး တတ်တယ်၊ ဒို့ရေးသမျှ သူတို့လိုက်နာရမယ် အဲဒီစိတ်ထားဝင်ပြီဆိုရင်တော့ မင်းတို့ဟာ ဥပဒေပြု အာဏာရှင် ဖြစ်သွားပြီတဲ့။ ကျွန်တော်တို့ဟာ တစ်ဦးတစ်ယောက်ရဲ့လက်ကို အာဏာ ဝကွက်မအပ်ချင် လို့ ဒီမိုကရေစီလမ်းကြောင်းကို လိုက်ခဲ့တာ မဟုတ်လားခင်ဗျား။ ဒါဆိုရင် ရင်းနှီးမြှုပ်နှံမှုကော်မတီ တစ်ခုတည်းရဲ့လက်မှာ လုပ်ချင်ရာလုပ်ခွင့် အပ်ရဲတာ၊ မအပ်ရဲတာ စသည်ဖြင့် အစွန်းနှစ်ဖက် အယူ အဆအားလုံးဟာ သဘာဝကျကျ ဖြစ်နေတာကို ရှုမြင်ကြရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားကြီးများကို တင်ပြခွင့်ပြုပါ။ ဒီဥပဒေကြမ်းရဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကို

ပြန်လာရာလမ်းကြောင်းကို ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အရ လေ့လာကြည့်စေလိုပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၅၂ တို့မှာ စီမံကိန်းဥပဒေကြမ်း၊ ဘဏ္ဍာငွေရသုံးဥပဒေကြမ်း၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများမှ လွဲလျှင် ဥပဒေကြမ်းအား နိုင်ငံတော်ပြန်တမ်းတွင် ကြေညာရမည်လို့ ဆိုတဲ့အတွက် ဒီနေ့ နိုင်ငံပိုင်သတင်းစာတွေမှာ ဥပဒေကြမ်းတွေ ဖော်ပြနေပါပြီ။ ဘာ့ကြောင့်ဖော်ပြပါသလဲ၊ ပြည်သူက ဖတ်ပြီးရင် အဲဒီဥပဒေရဲ့ သက်ဆိုင်ရာ အကျိုးသက်ရောက်မှုကို ခံစားရမယ့်သူတို့ရဲ့ ဝေဖန်ချက် အကြံပြုချက်စာတွေကို မျှော်လင့်လို့ ဖြစ်ပါတယ်။ အခု ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း ဖြစ်စဉ် မှာက စာနှင့်ရေးပို့ရုံသာမက လွှတ်တော်ထဲအထိ လူကိုယ်တိုင်ပါ ပြည်သူတို့က ဂယနဏ လာရောက် ရှင်းပြတာကို ကျွန်တော်တို့ လွှတ်တော်က တစ်ကြောင်းတစ်ပုဒ်လေးတောင် ပြင်မပေးနိုင်တော့ဘူး ဆိုရင်တော့ဒါဟာ (Undemocratic Way)ဒီမိုကရေစီမကျတဲ့ လမ်းကြောင်းကို ရွေးချယ်ပြီလို့ သမိုင်း မှတ်တမ်းဝင်သွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး မကြာခဏ သတိပေးဘူးတဲ့ ဒီမိုကရေစီဆိုပြီး များရာမဲနှင့် အနိုင်ကျင့်တာမျိုး ဖြစ်သွားနိုင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၁ မှာ ဥပဒေကြမ်းတစ်ခုကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုလျှင် ပြည်ထောင်စု လွှတ်တော်က အတည်ပြုသကဲ့သို့ မှတ်ယူရမယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အဲဒီလို အတည်ပြု မှတ်တမ်းတင်နိုင်ဖို့ နောက်ဆုံးအတည်ပြုချက်ဥပဒေကြမ်းပြန်လည်လက်ခံရရှိတဲ့ လွှတ်တော်ဥက္ကဋ္ဌမှ ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့ဖို့ အဆက်အစပ်တစ်ကန့် ကျန်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံ မှတ်တမ်းတင် ရန် မပေးပို့ခင်မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ သဝဏ်လွှာကြောင့် နောက်ကြောင်းပြန်ခေါက်လာတဲ့ အနေအထားကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရော၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေမှာပါ လွှတ်တော်တစ်ခုရဲ့ ဥက္ကဋ္ဌက အခြားလွှတ်တော်တစ်ခုရဲ့ ဥက္ကဋ္ဌထံ သဝဏ်လွှာနှင့်တောင်းခံလာလျှင် ပြည်ထောင်စုလွှတ်တော်သို့ မပို့ရသေးသော ဥပဒေကြမ်းတစ်ခုကို ပြန်လည်ပို့ဆောင်ခြင်းမပြုရလို့ ကန့်သတ်ထားတဲ့ ဥပဒေ ဒီနေ့ထိမရှိတဲ့အတွက် အခု ဥပဒေကြမ်း သုံးသပ်ဖို့ ပြန်ရောက်လာတာဟာ မမှားတဲ့အပြင် ဇူလိုင်လ ၁၃ ရက်နေ့က သုံးသပ်တင်ပြတဲ့ ဥပဒေကြမ်းကော်မတီရဲ့ ဆောင်ရွက်ချက်ဟာ အထက်ကတင်ပြခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ နှင့် ၃၀ ပါ လမ်းညွှန်ချက်ကို နိုင်ငံသားတို့ အကျိုးအတွက် ခံယူရာရောက်ပါတယ်လို့ ထင်မြင်မိပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ကိုတောင်မှ နိုင်ငံသားတို့ အကျိုးနှင့်မကိုက်ညီတော့လျှင် ပြင်ဆင်၊ ဖြည့်စွက်ခြင်း၊ ဖျက်သိမ်းခြင်း၊ အသစ်ပြဋ္ဌာန်းခြင်း လုပ်နိုင်သေးတဲ့အတွက် ယခုအခါမှာ (၁) မပြဋ္ဌာန်းရသေးပါ။ (၂) နိုင်ငံတော်သမ္မတထံ မပို့ရသေးပါ။ (၃) ဒီထက်တစ်ဆင့်ထပ်နိမ့်ပြီး ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းမတင်ရသေးတဲ့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းရဲ့ နောက်ကြောင်းပြန်လှည့်လာပြီးတော့ ကျွန်တော်တို့က သုံးသပ်ခွင့်ရတာဟာ နိုင်ငံသားတို့ရဲ့ ကံကောင်းခြင်းလက်ဆောင်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ နောက်တစ်ကြောင်းကတော့ လောကကြောင်း၊ ဓမ္မကြောင်းအရ ဥပနိဿယပစ္စယောဆိုတဲ့ အားကြီးသောအကြောင်းဖြင့် ကျေးဇူးပြုတတ်ခြင်း ဖြစ်ပါတယ်။ ဥရောပက ဂျာမန်ဖယ်ဒရယ်ကောင်စီ ဒုတိယဥက္ကဋ္ဌရဲ့ ပြောစကားကို ရည်ညွှန်းလိုပါတယ်။ ဘာပြောလဲဆိုတော့ အပြောင်းအလဲ(Change)ဆိုတာ ဘယ်နိုင်ငံမှာမဆို အနိုင်ရပါတီက မလုပ်ဘဲဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါတဲ့။ ဒါကြောင့် ဒီဥပဒေကြမ်းရဲ့ နိုင်ငံသားတို့အတွက် အပြောင်းအလဲဖြစ်စေခြင်း၊ မဖြစ်စေခြင်းဟာလည်း အနိုင်ရအစိုးရဆိုတာထက် ဒီလွှတ်တော်ထဲက အနိုင်ရပါတီရဲ့ အားကြီးသောအကြောင်းကြောင့် အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း အမှတ်ရခဲ့တာလေးနဲ့ နှိုင်းယှဉ်တင်ပြခြင်း ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၆ အခြေခံမူများ ပုဒ်မခွဲ(စ)မှာ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အစဉ်တစိုက် ဦးတည်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီနေ့ ဒီဥပဒေကြမ်းကို ထပ်မံသုံးသပ်ပြင်ဆင်ခွင့်ရဖို့ဟာ အမျိုးသားနိုင်ငံရေးဖြစ်နေပြီဆိုတာ ငြင်းနိုင်ကြမယ် မထင်ပါဘူး။ ဒါကြောင့်မို့ ဒီလွှတ်တော်ထဲက တပ်မတော်သားကိုယ်စားလှယ်များသည်လည်း အမျိုးသားရေး လက်မနှေးတဲ့ အစဉ်အလာကောင်းနှင့်အညီ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း ပြန်လည်သုံးသပ်ရေးမှာ ပါဝင်နိုင်ပါစေလို့ ဆန္ဒပြုမိပါတယ်။ ဒီတစ်ခေါက် စတုတ္ထပုံမှန်အစည်းအဝေးဟာ တတိယပုံမှန်အစည်းအဝေးကဲ့သို့ စိတ်အာရုံကို စုစည်းထားရတဲ့ ဘဏ္ဍာငွေရသုံးဥပဒေကြမ်းမျိုးနှင့် တိုက်ဆိုင်မှုလည်း မရှိတော့တဲ့အတွက် အချိန်အားဖြင့် အခွင့်အရေးအနေအထား ရရှိနေတာမျိုး ဖြစ်ပါတယ်ဆိုတာလည်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ဇူလိုင် ၁၃ ရက်နေ့က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့ပြီးသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ပြန်လည်သုံးသပ်တင်ပြခြင်းဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က ပြင်ဆင်စရာရှိတာတွေကို ပြင်ဖို့ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သင့်သော

တင်ပြချက်ဖြစ်ပါကြောင်း လေးလေးနက်နက် ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိတ္ထီလာမဲဆန္ဒနယ်က ဦးဝင်းထိန် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းထိန်(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းကို ဖတ်ပြီးတဲ့အခါမှာ ပေါ်လာတဲ့အတွေးက ဘာလဲဆိုတော့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတကယ်သာ ဖြစ်သွားမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံအတွက် FDI လို့ခေါ်တဲ့ Foreign Direct Investment တွေ ရလာမယ်။ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာမယ်။ အလုပ်အကိုင်တွေ ဖြစ်လာမယ်။ လူလတ်တန်းစားတိုးလာမယ်။ ဒီအကျိုးတွေရမယ်။ သို့သော် ဒီလို ရင်းနှီးမြှုပ်နှံမှုတွေရလာအောင် အဓိကလိုအပ်ချက်က ဒီနိုင်ငံမှာနိုင်ငံရေးတည်ငြိမ်မှု ဒါ အဓိကဖြစ်ပါတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိမှ ရင်းနှီးမြှုပ်နှံတဲ့လူတွေ စိတ်ချလက်ချနဲ့ လာပြီးတော့ အလုပ်လုပ်နိုင်မှာပါ။ ဒါကြောင့်မို့လို့ နိုင်ငံရေးတည်ငြိမ်မှုကို မျက်ခြေမပြတ် အားလုံးက တာဝန်ရှိတဲ့ နေရာကနေပြီးတော့မှ ဆောင်ရွက်သင့်တယ်လို့ ကျွန်တော် ထင်ပါတယ်။ နောက်တစ်ချက်က ဒီဥပဒေ ပြုတဲ့အခါမှာ Investor Friendly ပေါ့။ ရင်းနှီးမြှုပ်နှံတဲ့သူတွေ စိတ်ချမ်းသာအောင် လာပြီးတော့မှ အလုပ်လုပ်ချင်အောင် အဲဒီအခြေအနေနဲ့ ကိုက်ညီတဲ့ဥပဒေ ဖြစ်သင့်ပါတယ်။ ဒီလို ရင်းနှီးမြှုပ်နှံတဲ့သူတွေ စိတ်ချမ်းသာလက်ချမ်းသာနဲ့ စိုးရိမ်ကြောင့်ကြမှုမရှိဘဲနဲ့ လုပ်နိုင်တဲ့ဥပဒေတစ်ရပ် အခု ကျွန်တော် ဖတ်ကြည့်တဲ့အခါမှာ တော်တော်များများကတော့ ကျွန်တော်ခုန တင်ပြသွားတဲ့ အချက်တွေနဲ့ ကိုက်ညီပါတယ်။ ဒါပေမယ့် ပြောစရာရှိတာကတော့ ခုနက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်း တင်ပြသလို ရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းတွေဟာ Transparency ပွင့်လင်းမြင်သာမှု ရှိရပါတယ်။ ဘယ်သူက ဘာကြောင့်၊ ဘယ်လို၊ ဘယ်လောက်များများ ရင်းနှီးမြှုပ်နှံပြီးတော့ ဘာလုပ်မယ် အစရှိသဖြင့် အဲဒီအဆင့်ဆင့်တွေဟာ ပွင့်လင်းမြင်သာမှုရှိမှသာလျှင်လုပ်တဲ့လူလည်းအကျိုးရှိ၊ တိုင်းသူပြည်သားလည်းအကျိုးရှိ၊ အလုပ်သမားတွေလည်း အကျိုးရှိ အဲဒီလို ဖြစ်မှာပါ။ နောက်တစ်ချက်ကတော့ ဒီဥပဒေဟာ ဆိုလို့ရှိရင်တော့ ကျွန်တော့်အထင် နောက်နှစ်လ၊ သုံးလလောက်အတွင်းမှာ အတည်ဖြစ်မှာပါ။ အတည်ဖြစ်တဲ့အခါမှာ ကျွန်တော့်စိတ်ထဲမှာ စိုးရိမ်စိတ်ဝင်လာတာက ဒီရင်းနှီးမြှုပ်နှံတဲ့လုပ်ငန်းရှင်တွေ၊ လုပ်ငန်းတွေနဲ့ သင့်လျော်တဲ့ Infrastructure ပေါ့။ အပြည့်အစုံ၊

အထိုက်အလျောက်ပြည့်စုံတဲ့ အခြေအနေရောက်ပါပြီလား။ ဒါလည်း မေးစရာရှိပါတယ်။ အဲဒီတော့ ရင်းနှီးမြှုပ်နှံတဲ့အခါမှာ ကဏ္ဍအသီးသီးက လာကြတဲ့အခါမှာ အဓိကအားဖြင့် စက်မှုလက်မှုလုပ်ငန်း အများကြီးပါမယ်။ အဲဒီအခါမှာ ကျွန်တော်တို့ လျှပ်စစ်လုပ်ငန်းရပါပြီ။ လျှပ်စစ်ခါတ်အား လုံလုံ လောက်လောက်ရနိုင်ပါ့မလား။နောက်တစ်ခုအရေးပါတဲ့ကျွမ်းကျင်တဲ့အလုပ်သမားတွေရနိုင်ပါ့မလား။ ဒါတွေက ကြိုပြီးတော့ ပြင်ဆင်ရမယ့်အချက်ရှိပါတယ်။ ဥပမာတစ်ခု တင်ပြရမယ်ဆိုလို့ရှိရင် ဂျပန်နိုင်ငံ က တိုရိုတာကုမ္ပဏီက အိန္ဒိယနိုင်ငံမှာ သူတို့ရင်းနှီးမြှုပ်နှံမှုစပြီးတော့ MOU ဆွေးနွေးတဲ့ ကာလမှာကို က သူတို့စက်ရုံတည်မယ့်ဒေသမှာ Technical High School လေး ထောင်လိုက်ပါတယ်။ ထောင်ပြီးတော့မှာ မော်တော်ကားလုပ်ငန်းနဲ့ပတ်သက်တဲ့ အခြေခံပညာလေးတွေကို အလယ်တန်း အောင်၊ အထက်တန်းအောင်တဲ့ကလေးတွေကို သင်တန်းပေးလိုက်တဲ့အခါမှာ သူတို့ တကယ်လည်း စက်ရုံလည်းဆောက်ပြီးရော အဲဒီကလေးတွေဟာ အဲဒီစက်ရုံမှာ အံဝင်ခွင်ကျနဲ့ အလုပ်လုပ်နိုင်တဲ့ သာဓကလေး တွေ့ဖူးပါတယ်။ တရုတ်ပြည်မှာလည်း အလားတူပါပဲ။ Apple ကုမ္ပဏီကနေပြီး တော့မှာ Ipad တို့ Iphone တို့ အစရှိတဲ့ပစ္စည်းတွေ ထုတ်လုပ်တဲ့အခါမှာ ဒီစက်ရုံတွေ မတည်ဆောက်ခင်ကတည်းက Electronic နဲ့ပတ်သက်တဲ့ ကျွမ်းကျင်တဲ့ ဘွဲ့ရ၊ ဘွဲ့မရ ကျောင်းသားတွေ ဘယ်လောက်များများရှိမယ်ဆိုတာ လေ့လာပြီးတော့မှ တည်ဆောက်တဲ့အခါမှာ Ipad တို့ Iphone တို့၊ ကမ္ဘာကျော်ပစ္စည်းတွေ ထုတ်လုပ်တဲ့အခါမှာ တရုတ်နိုင်ငံရဲ့ ကျွမ်းကျင်တဲ့ လုပ်သားတွေရတဲ့အတွက်ကြောင့်မို့လို့ သူတို့လုပ်ငန်းက အောင်မြင်ခဲ့တယ်။ အဲဒီတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အောင်မြင်ခဲ့တယ်။ အလားတူပဲ ကျွန်တော်တို့ဆီမှာ နိုင်ငံခြားကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ပြီးတော့ လုပ်ငန်းတွေတည်ထောင်တဲ့အခါမှာ ခုနက လိုအပ်တဲ့အခြေခံ အဆောက်အအုံတွေ ပြည့်စုံဖို့လိုပါတယ်လို့ ကျွန်တော်ယူဆပါတယ်။ နောက်တစ်ချက်ကတော့ ဒီ နိုင်ငံ တိုင်း၊ နိုင်ငံတိုင်းမှာ လုပ်ငန်းတစ်ခု ဆောင်ရွက်မယ်ဆိုလို့ရှိရင် စပြီးတော့ မှတ်ပုံတင်တဲ့နေ့က စပြီးတော့မှ စက်ရုံစဆောက်ခွင့်ရတဲ့ အချိန်ကာလပေါ့။ မှတ်ပုံတင်ကာလဟာ တချို့နိုင်ငံတွေမှာ မြန်တယ်။ ဟောင်ကောင်တို့၊ စင်္ကာပူတို့မှာဆိုရင် တော်တော်မြန်တယ်။ အင်ဒိုနီးရှား တော်တော်နှေးပါ တယ်။ အလားတူပဲ ကျွန်တော်တို့ဆီမှာ ဒီလိုရင်းနှီးမြှုပ်နှံမှုကော်မရှင်ကနေပြီးတော့မှ ရင်းနှီးမြှုပ်နှံလာ တဲ့ကုမ္ပဏီတွေ မှတ်ပုံတင်တဲ့ကိစ္စ Effective ဖြစ်မယ့်ကိစ္စ ကာလတွေကို တတ်နိုင်သမျှမြန်အောင် လုပ်ပေးဖို့ လိုအပ်တယ်လို့ ယူဆပါတယ်။ နောက်ဆုံးနိဂုံးချုပ်အားဖြင့် ဖော်ပြမယ်ဆိုရင်တော့ ဒီရင်းနှီး မြှုပ်နှံမှုဥပဒေကြမ်းဟာ ကျွန်တော်တို့အတွက် အများကြီး လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့

ဒီရင်းနှီးမြှုပ်နှံမှုဥပဒေဖြစ်လာတဲ့အခါမှာ ပေါ်ထွက်လာမယ့် လုပ်ငန်းတွေအတွက်တော့ အခြေခံအဆောက်အအုံတွေ၊ ကျွမ်းကျင်တဲ့ လုပ်သားတွေ၊ ဓာတ်အားတွေ အစရှိသဖြင့် လုံလောက်အောင်ကြိုတင်ပြီးတော့ ပြင်ဆင်ဖို့ လိုပါတယ်လို့ တင်ပြရင်းနဲ့ နိဂုံးချုပ်ပါရစေ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျွန်တော့်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(FDI Law)နှင့် ပတ်သက်ပြီး တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ပထမဦးစွာ တင်ပြဆွေးနွေးလိုသည့် အကြောင်းအရာကတော့ FDI Law သည် အခြားအခြားသော ဥပဒေများနှင့်မတူ အလွန်အရေးကြီးလှသော ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ အခြားသောဥပဒေများစွာတို့သည် မိမိနိုင်ငံသားများလိုက်နာကျင့်သုံးရန်အတွက် ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေများသာဖြစ်ပြီး ၎င်းဥပဒေသည် နိုင်ငံသူနိုင်ငံသားများအကျိုးငှာ ဖော်ဆောင်နိုင်ခြင်း မရှိပါကပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဖျက်သိမ်းခြင်းတို့ ဆောင်ရွက်နိုင်ပါတယ်။ FDI Law အနေနဲ့မူမိမိနိုင်ငံမှ အခြားအခြားသော နိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများကို မိမိနိုင်ငံ၊ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေသောငှာ ဖိတ်ခေါ်ရန်အတွက် မက်လုံးပေးဆွဲဆောင်သည့် အချက်အလက်များ ပါဝင်သော ဥပဒေများဖြစ်ပါတယ်။ အခွင့်အရေးများကိုလည်း ပေးထားရပါတယ်။ ထိုအခါ FDI Law နဲ့ဖော်ထားသည့် အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူတို့အတွက် ဖြစ်နိုင်သော အခွင့်အလမ်းများဖြင့် ရင်းနှီးမြှုပ်နှံသူတစ်ဦးဦးမှ ဖော်ပြပါဥပဒေတွင် ပါရှိသော လုပ်ကိုင်ရန်ခွင့်ပြုထားသော လုပ်ငန်းများကို လာရောက်အဆိုပြုပါက ခွင့်ပြုပေးရမှာဖြစ်ပြီး ခွင့်ပြုပေးပြီးသော အခါ၌မူမိမိနိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်၍ဟူသော အကြောင်းပေါ်ပေါက်လာပါကလည်းပြန်လည်ဖျက်သိမ်းရန် အခက်အခဲများစွာရှိမည်ဖြစ်ပါသည်။ ထိုသို့ သဘောတူညီပြီးမှ ပြန်လည်ရုပ်သိမ်းရမည်ဆိုပါလျှင် စီးပွားရေးအရ နစ်နာကြေးတောင်းဆိုမှုများ၊ နိုင်ငံရေးအဆင်မပြေမှုများနှင့်နောက်ဆက်တွဲ အကျိုးဆက်များစွာဖြစ်ပေါ်လာနိုင်ပါသည်။ ဥပမာအားဖြင့် ကျွန်တော်တို့ ယခင်ကဘုံဘေဘားမားသစ်ကုမ္ပဏီနဲ့ ကျွန်တော်တို့နိုင်ငံနဲ့အချင်းများပြီးတော့မှ စစ်ဖြစ်ခဲ့ရတဲ့ အနေအထား

မျိုးတွေရှိပါတယ်။ ပြီးခဲ့တဲ့မကြာခင်ကလည်းပဲ ကျွန်တော်တို့ခွင့်ပြုခဲ့တဲ့ မြစ်ဆုံစီမံကိန်းကို ကျွန်တော်တို့ နိုင်ငံသားတွေအကျိုးအတွက် ပြန်လည်ပြီးတော့ ရပ်သိမ်းပေးဖို့ ဆောင်ရွက်ခဲ့ရတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်းပဲ ကျွန်တော်တို့တစ်ဖက်တစ်ဖက် ပြန်လည်ပြီးတော့ မျက်နှာပျက်စရာတွေ ဖြစ်ခဲ့ရပါတယ်။ သို့ပါ၍ FDI Law သည် မှားသွားပါက နိုင်ငံ၏အနာဂတ်စီးပွားရေးနှင့် နိုင်ငံရေးတို့ အပေါ် များစွာသက်ရောက်ပြီး ရံဖန်ရံခါတွင် ပြန်လည်ပြုပြင်ရန်အချိန် နောက်ကျသွားနိုင်သဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေဖြင့် အထူးအလေးထား စဉ်းစားဆောင်ရွက်ပေးနိုင်ကြပါရန် တင်ပြလိုပါသည်။ ဆက်လက်၍ မိမိအနေဖြင့် တင်ပြဆွေးနွေးလိုသည်မှာ FDI Law တွင် ပါရှိသည့် အကြောင်း အချက်ခေါင်းစဉ်များအပေါ် အခြေခံ၍ ဆွေးနွေးတင်ပြလိုပါသည်။ ပထမဦးစွာ အခန်း(၂) အပိုဒ် ၃၊ ၄၊ ၅ တို့နှင့်ပတ်သက်၍ ဆွေးနွေးလိုပါသည်။ အပိုဒ် ၃ သည် FDI Law အရ ခွင့်ပြုရန်သတ်မှတ်ချက်နှင့် ပတ်သက်ပြီး အပိုဒ် ၄ သည် FDI Law အရ ခွင့်မပြုရန် တားမြစ်ထားချက်များဖြစ်ကာ အပိုဒ် ၅ သည်လည်း တားမြစ်ထားချက်နှင့်ပတ်သက်သော အပိုဒ် ဖြစ်ပါသည်။ FDI Law သည် စီးပွားရေးလုပ်ငန်းများအရ ပြဋ္ဌာန်းထားခြင်းဖြစ်၍ မည်သည့် လုပ်ငန်းများကို လုပ်ကိုင်ရန်ခွင့်ပြုသည်၊ ခွင့်မပြု ဟူသောအချက်သည် ဥပဒေ၏ အရေးကြီးဆုံး အပိုင်းဖြစ်သည် မိမိအနေဖြင့် သဘောပေါက်ပါသည်။ ၎င်းအချက်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားမှသာ ရင်းနှီးမြှုပ်နှံမှုပြုလိုသူများအနေဖြင့် ရှင်းလင်းပြတ်သားစွာသိရှိခြင်း တန်းတူ အခွင့်အရေးရရှိနိုင်ပြီး လက်ဝါးကြီးအုပ်စီးပွားရေးစနစ်ကို ကာကွယ်နိုင်ခြင်း စသည့်အချက်များ ရရှိနိုင်မှာဖြစ်ပါသည်။ လုပ်ကိုင်နိုင်သည့်လုပ်ငန်းများကိုလည်း ရှင်းလင်းစွာ သိရှိနိုင်မည် ဖြစ်ပါသည်။ လုပ်ငန်းတစ်ခုချင်းစီ၏ အရေးပါမှုသည်လည်း အခြားနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသူများသို့ ပေးသည့် ကတိများဖြစ်ပါ၍ မှားယွင်းမှုမရှိရန်အရေးကြီးပါသည်။ မိမိနိုင်ငံ၏ အခွင့်အရေးများ ဆုံးရှုံးစေမည့် လုပ်ငန်းမျိုးမဖြစ်ရန်လည်း လိုပါသည်။ သို့ပါသဖြင့် ခွင့်ပြုသင့်သောလုပ်ငန်းများကို လူတစ်ဦး တစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ ဆုံးဖြတ်ခွင့်အပ်နှင်းထားသည်ထက် ဥပဒေဖြင့် ရှင်းလင်း ပြတ်သားစွာ သတ်မှတ်ပြဋ္ဌာန်းထား ရန်လိုပါကြောင်း တင်ပြလိုပါသည်။ လုပ်ငန်းကဏ္ဍများအလိုက် ခွင့်ပြုနိုင်သည်များကို နောက်ဆက်တွဲဇယားဖြင့် ဥပဒေပြုပြဋ္ဌာန်းသင့်ပါသည်။ နည်းဥပဒေဖြင့် မဆောင်ရွက်သင့်ပါ။ ဥပမာ ယခုရေးဆွဲသော ဥပဒေမူကြမ်းတွင် မြေယာလုပ်ပိုင်ခွင့်အား နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ နှစ် ၅၀ စ၍ လုပ်ကိုင်ခွင့်ပေးထားသည်ကို တွေ့ရှိရပါသည်။ ၎င်းအချက်သည် ၄ားရမ်းသည်ဟု ဆိုသော်လည်းပဲ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ အစိတ်အပိုင်းဖြစ်သော

မြေပိုင်ဆိုင်မှုကို အခြားနိုင်ငံကုမ္ပဏီသို့ ပေးအပ်လိုက်သည့်သဘောသာဖြစ်ပါ၍ လွန်စွာမှ ပြန်လည်သုံးသပ်သင့်သော အချက်ဖြစ်ကြောင်း တင်ပြလိုပါသည်။ မိမိတို့၏ နောင်လာနောက်သားများသည် လုပ်ကိုင်စားသောက်ရန်အတွက် မြေမဲ့ယာမဲ့နိုင်ငံသားများ ဖြစ်သွားနိုင်မည့်အချက်ဖြစ်ပါသည်။ မကြာသေးမီက သတင်းတစ်ရပ်တွင် ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ်က မြန်မာနိုင်ငံတောင်ပိုင်းရှိ မြေများအားငှားရမ်း၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်လိုကြောင်း ဆွေးနွေးညှိနှိုင်းသည်ဟု သိရှိရပါသည်။ ထိုင်းနိုင်ငံအနေနှင့်မူ ဆန်စပါးစိုက်ပျိုးခြင်း၊ သစ်တောစိုက်ပျိုးခြင်းနှင့် သစ်ထုတ်ပေးခြင်းစသည့် မြေယာလုပ်ပိုင်ခွင့်များကို နိုင်ငံသားများအကျိုးငှာ နိုင်ငံခြားသားများ လုပ်ပိုင်ခွင့်ကို တားမြစ်ထားသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါလျှင် မိမိနိုင်ငံအနေနဲ့လည်း မိမိနိုင်ငံရဲ့ရေမြေတောတောင်တို့ကို မိမိနိုင်ငံသားများအတွက်သာ ထိန်းသိမ်းထားသင့်ပါသည်ဟု ဆွေးနွေးတင်ပြလိုပါသည်။ အပိုဒ် ၄ တွင်မူ ခွင့်မပြုသင့်သော လုပ်ငန်းများနှင့်ပတ်သက်၍ အပိုဒ် ၃ ကဲ့သို့ ဇယားဖြင့် ရှင်းလင်းစွာ ဥပဒေပြုဖော်ပြသင့်ပါသည်။ လက်ရှိဥပဒေတွင် ဖော်ပြထားချက်များရှိပါသည်။ သို့သော်လည်း အချက်အလက်များ နည်းပါးသေးသည့်ကို အခြားနိုင်ငံများ၏ ဥပဒေနှင့်နှိုင်းယှဉ်ပါက တွေ့ရှိရပါသည်။ အနီးစပ်ဆုံး မိမိလေ့လာ၍ ရရှိသည်မှာ အခြားနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ယှဉ်တွဲ၍ တွေ့ရှိရပါသည်။ ထိုင်းနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ခွင့်မပြုထားသော ဥပဒေများကို ခေါင်းစဉ်ကြီး ၃ ခုဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ပထမဦးဆုံးစာရင်းအပိုဒ် ၁ အနေဖြင့် ဖော်ပြထားတာကတော့ The business not perminet to foring foreigener to operate due to special reason ဆိုပြီးတော့ အထူးအကြောင်းပြချက် ဆိုပြီးတော့ ဖော်ပြထားပါတယ်။ အဲဒီနေရာမှာ သတင်းစာထုတ်လုပ်ခြင်းလုပ်ငန်း၊ ရေဒီယိုထုတ်လွှင့်ခြင်းလုပ်ငန်း၊ ဆန်စပါးစိုက်ပျိုးခြင်းလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူခြင်းလုပ်ငန်း၊ သစ်တောနှင့်သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပင်လယ်ပြင်ငါးဖမ်းခြင်းလုပ်ငန်းစသည်ဖြင့် စုစုပေါင်းအပိုဒ် ၉ ပိုဒ်ခန့် ပါရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအချက်ထဲမှာ အပါအဝင်ဖြစ်တဲ့ မြေယာအသုံးချခွင့် ပိတ်ပင်ထားခြင်းများကို တွေ့ရှိရမှာဖြစ်ပါတယ်။ စာမျက်နှာ ၂ မှာဆိုရင်လည်း အုပ်စု ၃ ခုခွဲပြီးတော့ အသေးစိတ် ဖော်ပြထားချက်က တော်တော်လေး ပြည့်စုံတာကို တွေ့ရှိရပါတယ်။ နောက်ထိုနည်းတူစွာပဲ အပိုဒ် ၃ မှာ ကျတော့လည်းပဲ ဘာဖော်ပြထားလဲဆိုတော့ The business which Thai national are not yet ready to complete with fortignerဆိုပြီးတော့ ထိုင်းနိုင်ငံသားတွေဟာ အခြားနိုင်ငံခြားသားတွေနဲ့ ယနေ့အချိန်မှာတော့ ယှဉ်ပြိုင်နိုင်စွမ်းမရှိသေးတဲ့ လုပ်ငန်းများဆိုပြီးတော့ တော်တော်များများလေး

ဖော်ပြပြီးတော့မှ ဒါကို ထိုင်းနိုင်ငံသားများ အကျိုးငှာကာကွယ်ထားတဲ့ အချက်အလက်တွေကို တွေ့ရှိထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်းပဲ ဒီထက်ပိုပြီးတော့ ပြည့်စုံအောင် ထည့်သွင်းပြီးတော့ ရေးဆွဲသင့်ပါကြောင်း တင်ပြလိုပါတယ်။ အပိုဒ် ၅ မှာမူ အပိုဒ် ၄ တွင် ဥပဒေဖြင့် ပြဋ္ဌာန်းတားမြစ်ထားသည်များကို နိုင်ငံသူနိုင်ငံသားများအကျိုးငှာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ကော်မရှင်အနေဖြင့် ဥပဒေမှာ တားမြစ်ထားသော်လည်း ဆောင်ရွက်လိုပါက ဆောင်ရွက်မည့်သဘော သက်ရောက်နေပါ၍ ၎င်းမူလသက်ဆိုင်ရာဌာနမှ အဆိုပြုချက်တွင်လည်း ပါရှိသောအချက်မဟုတ်ဘဲ ထပ်မံ ဖြည့်စွက်ထားတဲ့အချက်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဥပဒေသဘော မှန်ကန်မှုရှိစေရန် ဥပဒေကို ကျော်လွန်၍ မည်သူတစ်ဦးတစ်ယောက်မှ ဆောင်ရွက်ခွင့်မရှိသော ဆိုတဲ့အချက်ကို ဖြစ်ပေါ်စေရန်အတွက် ပယ်ဖျက်သင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် မိမိနိုင်ငံတိုးတက်ရေးအတွက် FDI များ ဖိတ်ခေါ်ပြီး မိမိနိုင်ငံသားများရဲ့စီးပွားရေးကို ထိခိုက်စေမှု မဖြစ်ရန် လွန်စွာအရေးကြီးပါတယ်။ FDI ဟာ အရင်းအနှီးမရှိတဲ့နိုင်ငံ၊ နည်းပညာမရှိတဲ့နိုင်ငံမှာတင် လုပ်တာမဟုတ်ပါဘူး။ တချို့နည်းပညာတိုးတက်ပြီးသား အမေရိကန်နိုင်ငံကဲ့သို့သော အချို့နိုင်ငံများမှာပါ FDI ကို ဆောင်ရွက်နေတာ တွေ့ရပါတယ်။ FDI ဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်တာလည်း တွေ့ရပါတယ်။ ဒါပေမယ့်နိုင်ငံနှင့် နိုင်ငံဖွံ့ဖြိုးမှုအတွက် FDI ဖိတ်ခေါ်ပြီးတော့မှ မိမိနိုင်ငံသူနိုင်ငံသားများ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စရပ်များကို ထိပါးစေနိုင်မယ့်လုပ်ငန်းရပ်များကို ဖြစ်ပေါ်လာခြင်းမရှိရန်အတွက် အသေးစိတ်သေချာစွာစဉ်းစားပြီးမှ ပြဋ္ဌာန်းဆောင်ရွက်သင့်ပါကြောင်း လေးစားစွာ ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ အချိန်ကိုငဲ့ညှာသောအားဖြင့် ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါလို့ တင်ပြအပ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့လွှတ်တော်မှာ ဆွေးနွေးနေကြတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို မကြာမီမှာပဲ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ ထုတ်ပြန်လာနိုင်တော့မှာ ဖြစ်ပါတယ်။ ဒီဥပဒေကို အတည်ပြုထုတ်ပြန်ပြီးတဲ့အချိန်မှာ ရင်းနှီးမြှုပ်နှံလာကြတော့မှာပဲ ဖြစ်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံဖို့ ဆောင်ရွက်လာကြတဲ့နေရာမှာ တစ်ဖက်က

ပြည်ပကုမ္ပဏီတွေဖြစ်ပြီးမှ တစ်ဖက်ကတော့ မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားများဖြစ်ပါတယ်။ ပြည်ပကရင်းနှီးမြှုပ်နှံကြတဲ့သူတွေအနေနဲ့ သာမန်အားဖြင့်တော့ စီးပွားရေးအကျိုးအမြတ်အတွက် ရင်းနှီးမြှုပ်နှံကြပေမယ့် တချို့ကျတော့ အဲ့ဒါထက်ကျော်လွန်ပြီးတော့မှ နိုင်ငံရေး၊ စစ်ရေးအရပါ အခြေအနေပေးရင်ပေးသလို ရင်းနှီးမြှုပ်နှံခံရတဲ့နိုင်ငံကိုလွှမ်းမိုးပြီးတော့မှ ခေတ်သစ်ကိုလိုနီနယ်ချဲ့ နည်းနဲ့နယ်ချဲ့ဖို့အတွက်လည်း ရည်ရွယ်ဆောင်ရွက်လာနိုင်တယ်လို့ သုံးသပ်ရပါတယ်။ သာဓက အားဖြင့် တင်ပြရမယ်ဆိုရင် ၁၉၀၇ ခုနှစ်တုန်းက အမေရိကန်ကုမ္ပဏီတစ်ခုဟာ ဒေါ်လာသန်း ၃၅၀ ရင်းနှီးမြှုပ်နှံပြီး ပနားမားနိုင်ငံမှာ ပနားမားတူးမြောင်းကို တူးခဲ့ပါတယ်။ ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှာ ပြီးစီးခဲ့ပါတယ်။ အမေရိကန်ကြည်းတပ်ဝန်ကြီးဌာနက အဲ့ဒီကုမ္ပဏီရဲ့ အစုရှယ်ယာ အားလုံးကိုပိုင်ဆိုင်တဲ့အတွက် သူတို့ရဲ့လုပ်ငန်းလုံခြုံရေးအကြောင်းပြပြီး အမေရိကန်တပ်တွေကို ပနားမားနိုင်ငံမှာချထားခဲ့ပါတယ်။ နိုင်ငံခြားတပ်တွေချထားခြင်းခံရတဲ့နိုင်ငံမှာ ဘာတွေဆက်ဖြစ်လာ တယ်ဆိုတာတော့ အားလုံးသိကြပြီးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၄၂ ပုဒ်မခွဲ(ခ)မှာ နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုလို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အကြောင်းပြပြီး အထက်ကတင်ပြခဲ့တဲ့ ပနားမားနိုင်ငံမှာ တွေ့ကြုံရတဲ့ဖြစ်စဉ်မျိုး ကျွန်တော်တို့နိုင်ငံမှာ မကြုံရ လေအောင် ကြိုတင်ကာကွယ်တားဆီးတဲ့အနေနဲ့ မိမိတို့ရေးဆွဲအတည်ပြုကြမယ့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေမှာ နိုင်ငံတော်ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးမခံရလေအောင် ထည့်သွင်းပြဋ္ဌာန်းကြရမှာပဲ ဖြစ်တယ်လို့ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၇) ရင်းနှီးမြှုပ်နှံသူရဲ့တာဝန်နှင့် အခွင့်အရေးသတ်မှတ်ပြဋ္ဌာန်းတဲ့နေရာမှာ အပိုဒ်ခွဲ(ဈ) အနေနဲ့ ရင်းနှီးမြှုပ်နှံသူအနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(ခ)ကို သိရှိ နားလည် လိုက်နာရန်တာဝန်ရှိတယ်လို့ ထည့်သွင်းပြဋ္ဌာန်းမယ်ဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်ပြီးဖြစ်ပေါ်လာမယ့် အနာဂတ်နိုင်ငံတော်ရဲ့ နိုင်ငံတော်တည်ငြိမ်မှုနှင့် လုံခြုံမှုတို့ ထိပါးခံရ မည့်အရေးမှ ကာကွယ်နိုင်မည်ဖြစ်ပါတယ်လို့ ဆွေးနွေးတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြား၍တက်ရောက်လာကြသော ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ပထမဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သ

ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီတော့ ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့မှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးကနေပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ ခြုံငုံသုံးသပ်ဆွေးနွေးမှုများဟာလည်း အတော်ပြီးပြည့်စုံနေပြီ ဖြစ်ပါတယ်။ ကျွန်တော်အကြံပြုချက်အနေနဲ့ အချိန်ကိုငဲ့ကွက်သောအားဖြင့် ဥပဒေမူကြမ်းမှာပါတဲ့ ပုဒ်မနှစ်ခုကိုပဲ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ စာဖြင့်ဖတ်ကြားခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၅) ကော်မရှင်ဖွဲ့စည်းခြင်းပုဒ်မ ၉ မှာ မူလဥပဒေကြမ်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် (က) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအားဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာနအဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များအားအဖွဲ့ဝင်များအဖြစ်ပါဝင်စေလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဖွဲ့စည်းရမည်လို့ ဒီလိုရေးဆွဲထားပါတယ်။ ကျွန်တော့်အနေနဲ့ အကြံပြုတင်ပြချင်တာကတော့ ဒီပုဒ်မမှာပါတဲ့ သင့်လျော်သောပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်းဆိုတဲ့စကားရပ်နဲ့ သင့်လျော်သောပုဂ္ဂိုလ်များအား အဖွဲ့ဝင်များအဖြစ်လည်း ဆိုတဲ့စကားရပ်ကို ကျွန်တော်ပြင်ဆင်အကြံပြုချက်အနေနဲ့တင်ပြလိုပါတယ်။ ကျွန်တော်ပြင်ဆင်အကြံပြုထားတဲ့ ပုဒ်မ ၉ ကတော့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေပါလုပ်ငန်း တာဝန်များကိုဆောင်ရွက်နိုင်ရန် ကုန်ထုတ်လုပ်မှုနှင့်စီးပွားရေးဝန်ကြီးဌာနမဟုတ်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဥပဒေ၊ စီးပွားရေးနှင့်ဘဏ္ဍာလုပ်ငန်းဆိုင်ရာ ပညာရှင်များအားအဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ဖွဲ့စည်းရမည်လို့ ကျွန်တော်က ဒီလိုအကြံပြုတင်ပြထားပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ပထမသင့်လျော်သောဆိုတဲ့ ဥက္ကဋ္ဌစကားရပ်မှာ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဝန်ကြီးဌာန မဟုတ်သောလို့ ပြင်ဆင်အကြံပြုရခြင်းဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအဆိုပြု လျှောက်ထားလာရင် ခုနကျွန်တော်တင်ပြတဲ့ ကုန်ထုတ်လုပ်မှုနှင့်စီးပွားရေးဝန်ကြီးဌာနကိုကိုင်တွယ်နေတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနဖြစ်ရင် မိမိဝန်ကြီးဌာနအားငဲ့ကွက်စရာ မိမိဝန်ကြီးဌာနအကျိုးကို ပြန်ပြီးကြည့်စရာ မလိုအောင် ဝန်ကြီးဌာနကို မကိုင်တွယ်တဲ့ပုဂ္ဂိုလ်ဖြစ်မှသာလျှင် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို အဓိကဦးတည်စဉ်းစားပေးလိမ့်မယ်လို့

ယုံကြည်လို့ ကျွန်တော်ဒီလိုတင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်ရဲ့တင်ပြချက်ဟာ ဥပဒေထဲမှာ ထည့်သွင်းရန် မသင့်ပါကလည်း နည်းဥပဒေမှာ ထည့်သွင်းပေးဖို့ ကျွန်တော်အဆိုတင်သွင်းလိုပါတယ်။ ဒုတိယသင့်လျော်သောအဖွဲ့ဝင်ဆိုတဲ့နေရာမှာလည်း ကျွန်တော့်အနေနဲ့ပြင်ဆင်ပြီးတော့ ဥပဒေ၊ စီးပွားရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ပညာရှင်များဟု အကြံပြုတင်ပြရခြင်းဟာလည်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများဟာ ကျွန်တော်တို့ရဲ့ လေ့လာချက်အရ နိုင်ငံတကာအိမ်နီးနားချင်းနိုင်ငံများမှာ မိအေးနှစ်ခါနာ၊ မြွေပါလည်းဆုံးသားလည်းဆုံးအဖြစ်မျိုးတွေကြုံတွေ့နေရတာကို တွေ့ရှိရပါတယ်။ ဒီလိုအဖြစ်မျိုးတွေမကြုံတွေ့ရအောင် ကြိုတင်ကာကွယ်လိုပါ၍ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သော အသိပညာရှင်ကြီးများပါဝင်စေလိုခြင်းဖြစ်ပါတယ်။ မူလဥပဒေမှာထည့်သွင်းရန် မဖြစ်နိုင်ပါကလည်း နည်းဥပဒေမှာထည့်သွင်းပေးရန်အကြံပြု တင်ပြလိုပါတယ်။

ဒုတိယပုဒ်မအနေနဲ့ပြင်ဆင်ချက်ကတော့ အခန်း(၁၉)အထွေထွေမှာ မူလဥပဒေကြမ်းမှာမပါရှိ သော်လည်းပဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကဖြည့်စွက်ချက်အနေနဲ့ ပုဒ်မ ၅၁ အနေနဲ့ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါတယ်။ ပုဒ်မ ၅၁ မှာတော့ ကော်မရှင်သည်ပုဒ်မ ၃ နှင့် ပုဒ်မ ၅ တို့အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုခွင့်ပြုရာတွင် အရေးကြီးသည့်ကိစ္စရပ်အဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုထိခိုက်လာပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု လွှတ်တော်သို့တင်ပြဆောင်ရွက်ရမည်ဟူ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကနေပြီးတော့ အဆိုပြုထားပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုတင်ပြချက်ဟာ ပြီးပြည့်စုံပါ တယ်။ ထောက်လည်း ထောက်ခံပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ စာသားဖြည့်စွက်ချက် အနေနဲ့ပဲ ကော်မရှင်သည်ပုဒ်မ ၃ နှင့် ပုဒ်မ ၅ တို့အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုရာတွင် အရေးကြီးသည့်ကိစ္စရပ်အဖြစ် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကိုထိခိုက် လာပါက ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် အနီးကပ်ဆုံးပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြဆောင်ရွက်ရမည်ဟုပြင်ဆင်ရေးသားလိုပါတယ်။ ကျွန်တော်က အနီးကပ်ဆုံးနှင့် အစည်းအဝေး ဆိုတဲ့ အထူးပြုနာမဝိသေသနနှစ်ခုကိုဖြည့်စွက်နိုင်ရန်တင်ပြခြင်းဖြစ်ပါတယ်။ ဆီလျော်မှုရှိပါကလည်း အသုံးပြုနိုင်ပါတယ်။ ဆီလျော်မှုမရှိပါကလည်း ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆုံးအဖြတ်ကိုနာခံမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ နိဂုံးချုပ်အားဖြင့်တော့ ဖွံ့ဖြိုးတိုးတက်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ခေါင်းဆောင်ကြီးဖြစ်တဲ့ တိမ့်ရှောင်ဖိန်ရဲ့ တံခါးဖွင့်လိုက်ရင်တော့ လေကောင်းလေသန့်တွေရမှာအမှန်ပဲ သို့သော်လည်းပဲ ခြင်တို့၊ ယင်တို့လည်းမလွဲမသွေဝင်လာနိုင်

တယ်ဆိုတဲ့ ကျွန်တော်တို့မှတ်သားဖွယ်စကားလုံးတွေကိုလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကစဉ်းစားသင့်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို လေးစားပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးဖြစ်ပါတယ်။ ထို့အပြင် ပြည်သူ့လွှတ်တော် ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာလည်း ကော်မတီဝင်တစ်ဦးဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်အတည်ပြု ထားချက်အခန်း(၁၀) ပုဒ်မ ၂၂ အပိုဒ်ခွဲ(က)ကို ဖြည့်စွက်အကြံပြုလိုခြင်းအတွက် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ မြန်မာနိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားရရှိနိုင်ရေး ဖြစ်လာနိုင်မည့်ဆိုးကျိုးများကို ကာကွယ်နိုင်မည့်အချက်အလက်တော်တော်များများကို ခြုံငုံဆွေးနွေးသွားခဲ့ကြတဲ့အတွက် များစွာနှစ်ထောင်းအားရ ဖြစ်မိပါတယ်။ ကျွန်တော်ကတော့ ကျွန်တော် မြင်မိတွေ့မိတဲ့ အချက်အနည်းငယ်ကိုဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အခန်း(၁၀) ပုဒ်မ ၂၂ အမှုထမ်းများနှင့် အလုပ်သမားခန့်ထားခြင်းခေါင်းစဉ်ရဲ့အောက်မှာ အပိုဒ်ခွဲ(က)မှာ ရင်းနှီးမြှုပ်နှံမှုသည် (က) ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကိုခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ်ကုန်ဆုံးသည့် အချိန်၌ နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ်ကုန်ဆုံးသည့် အချိန်၌အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ်ကုန်ဆုံးသည့် အချိန်၌အနည်းဆုံး ၇၅ ရာခိုင်နှုန်းခန့်ထားပြီး ဖြစ်ရမည်လို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်အတည်ပြုထားပါတယ်။ ၎င်းအပိုဒ်ကို ကျွန်တော်က ဖြည့်စွက်အကြံပြုလိုတာကတော့ ရင်းနှီးမြှုပ်နှံသူသည် (က) ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင် လုပ်ငန်းစတင်သည့်နှစ်မှ ပထမငါးနှစ်အတွင်း၌ နိုင်ငံသားအနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ်အတွင်း၌ အနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ်အတွင်း၌အနည်းဆုံး ၇၅ ရာခိုင်နှုန်း

ခန့်ထားပြီးဖြစ်ရမည်လို့ ကျွန်တော်က ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေအထားနဲ့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ နိုင်ငံသားကျွမ်းကျင်ဝန်ထမ်းများကို ပထမငါးနှစ်ကုန်ဆုံးပြီးမှ အနည်းဆုံး ၂၅ ရာခိုင်နှုန်း၊ ဒုတိယငါးနှစ် ကုန်ဆုံးပြီးမှအနည်းဆုံး ၅၀ ရာခိုင်နှုန်း၊ တတိယငါးနှစ်ကုန်ဆုံးပြီးမှ အနည်းဆုံး ၇၅ ရာခိုင်နှုန်းလို့ဆိုထားတဲ့အတွက် ငါးနှစ်ကုန်ဆုံးပြီးချိန်တိုင်းမှ ဝန်ထမ်းများတိုး၍ တိုး၍ခန့်ထားရမည့်သဘောကို ဆောင်နေပါတယ်။ ၎င်းသဘောအတိုင်းဆိုက မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအား နည်းပါးသွားမှုကိုဖြစ်စေပါတယ်။ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုပညာရပ် ရရှိမှုတွင်လည်း နစ်နာမှုကိုထပ်မံဖြစ်စေပါတယ်။ ထို့အပြင် ၎င်းရင်းနှီးမြှုပ်နှံမှုသည် ငါးနှစ် နှစ်ကြိမ်နှင့် အကြောင်းကြောင်းကြောင့် ရပ်ဆိုင်းသွားလျှင် မြန်မာလုပ်သားများ၏ အခွင့်အလမ်းများတိုးတက်မှုများကို ပြည့်စုံလုံလောက်စွာမရရှိဘဲ ဆုံးရှုံးနစ်နာမှုကိုဖြစ်စေမည်မှာ ဧကန်မုချလို့ ထင်မြင်ယူဆမိပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းစတင်သည့် ပထမနှစ်မှာပင် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများအတွက် နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ၂၅ ရာခိုင်နှုန်းပြည့်မီအောင် ခန့်ထားပေးသင့်ပါတယ်။ သို့မှသာ အလုပ်အကိုင်နှင့်အခွင့်အလမ်းများ၊ လုပ်ငန်းများ၊ ပညာရပ်များ ပိုမိုပွင့်လင်းရရှိလာမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူများဘက်မှလည်းပဲ လုပ်ငန်းစတင်သည့်နှစ်မှာပင် ကျွမ်းကျင်သူနိုင်ငံသားအလုပ်သမားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများကို ၂၅ ရာခိုင်နှုန်းပြည့်မီအောင်ရနိုင်ပါ့မလားလို့ တွေးတောပူပန်စရာ အကြောင်းလည်းရှိလာနိုင်ပါတယ်။ ဒါပေမယ့် ပူပန်စရာမလိုဘူးလို့ ကျွန်တော်ထင်မြင်မိပါတယ်။ နိုင်ငံတကာအဆင့်မီလုပ်ခ၊ လစာများပေးမည်ဆိုလျှင် ပြည်တွင်းမှကျွမ်းကျင်လုပ်သားများ၊ အတတ်ပညာရှင်များနှင့် ဝန်ထမ်းများရရှိနိုင်သလို နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းမှာ ဖိတ်ခေါ်ပြောကြားထားသည့်အတိုင်း ပြည်ပနိုင်ငံအသီးသီးမှာ သွားရောက်လုပ်ကိုင်နေကြတဲ့ သန်းချီရှိနေတဲ့ ကျွမ်းကျင်သူလုပ်သားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများဟာ မြန်မာနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပြီး ပြည့်စုံလုံလောက်တဲ့ ကျွမ်းကျင်သူဝန်ထမ်းများကို ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လုပ်ငန်းစတင်သည့် ပထမငါးနှစ်၊ ဒုတိယငါးနှစ်နှင့် တတိယငါးနှစ်မကုန်ဆုံးမီကာလအတွင်း ကျွမ်းကျင်သူလုပ်သားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများကို တိုးတက်ခန့်ထားနိုင်ဖို့ စီမံလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်တွင်းနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြမယ့် ပြည်တော်ပြန်ကျွမ်းကျင် လုပ်သားများ၊ အတတ်ပညာရှင်များ၊ ဝန်ထမ်းများဟာ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာများကို ပိုမိုရရှိလာနိုင်ကြမှာ

ဖြစ်ပါတယ်။ ၎င်းတို့၏လုပ်အားဖြင့် အမိမြန်မာနိုင်ငံတော်ကြီးအတွက် ပြန်လည်တည်ဆောက်ရာမှာ တစ်တပ်တစ်အားပါဝင်လာနိုင်မှာဖြစ်တဲ့အတွက် ဤစာတမ်းကို တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ၁၃း၀၀ ထိုးရန် မိနစ် ၂၀ ကျန်ပါတယ်။ ဆွေးနွေးဖို့ ငါးဦးကျန်ပါတယ်။ အချိန်ကိုတွက်ဆပြီး ဆွေးနွေးကြဖို့ပြောကြားလိုပါတယ်။ ဗိုလ်မှူးကြီးမြင့်ကိုကို တပ်မတော်သား ကိုယ်စားလှယ်မှ ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးကြီးမြင့်ကိုကို(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်က တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ကိုကို ဖြစ်ပါတယ်။ အခုကျွန်တော်ဆွေးနွေးတင်ပြလိုတာကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်းမှာ နိုင်ငံတော်နှင့် ပြည်သူများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ အခွင့်အရေးတွေ မနစ်နာဖို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များရဲ့အကျိုးစီးပွားအတွက် အကြောင်းအချက်များစွာနဲ့ ဆွေးနွေးတင်ပြကြတာကို အားရဖွယ်တွေ့ရပါတယ်။ ဥပဒေကြမ်းမှာ တခြားဆွေးနွေးတဲ့သူတွေ သတိပြုဆွေးနွေးခဲ့ခြင်းနည်းခဲ့တဲ့ တိုင်းပြည်နှင့် လူမျိုးအတွက်လုံခြုံရေးရှုထောင့်ဆိုင်ရာကို ကိုယ်စားလှယ်တော်ကြီး ဦးအောင်သိန်းလင်းကလည်းဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း တိုင်းပြည်နှင့် လူမျိုးအတွက်လုံခြုံရေးရှုထောင့်ကနေပြီးတော့ ဆွေးနွေးရန်လိုအပ်မယ်လို့သုံးသပ်ရတဲ့ အချက်ကိုဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ ဒီအချက်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း အခန်း(၇)မှာ ရင်းနှီးမြှုပ်နှံသူ၏တာဝန်နှင့် ဝတ္တရားခေါင်းစဉ်အောက်မှ အပိုဒ် ၁၅ အပိုဒ်ခွဲ(င)နှင့် ဆက်စပ် ပတ်သက်ပါတယ်။ ဒီအပိုဒ်ခွဲ(င)မှာ မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိတဲ့ မြေ၏မြေပေါ် မြေအောက်၌ ခွင့်ပြုသည့်လုပ်ငန်းနှင့် မသက်ဆိုင်ဘဲ မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ တွေ့ရှိလျှင် ကော်မရှင်သို့ ချက်ခြင်းအကြောင်းကြားခြင်း၊ ကော်မရှင်ကခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက် လုပ်ကိုင်ခြင်း၊ ခွင့်ပြုချက်မရရှိလျှင် အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ခြင်းဟု ပါရှိပါတယ်။ ဒီအချက်ကို သာမန်ကြည့်ရှုသုံးသပ်လို့ရှိရင်တော့ ထူးခြားတဲ့အချက် မဟုတ်ဘူးလို့ သုံးသပ်နိုင်ပါတယ်။ သို့သော် တိုင်းပြည်အတွင်းမှာ နေရာအနှံ့အပြားရင်းနှီးမြှုပ်နှံခွင့်ရသူအနေနဲ့ လုပ်ငန်းလုပ်ကိုင်ခွင့်ရတဲ့မြေ ဧရိယာအတွင်းကနေပြီးတော့ အဖိုးတန်သယံဇာတနှင့် ရှေးဟောင်းဝတ္ထု

ပစ္စည်းတွေကိုတွေ့လျှင် အကြောင်းကြားခြင်းကို သာမန်မျှသာတာဝန်ပေးပြီး မဖြစ်မနေ အကြောင်းကြားရန် တာဝန်သတ်မှတ်ခြင်း၊ တိုက်တွန်းသတ်မှတ်ချက်များ မပါရှိသည်ကိုတွေ့ရှိရမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့နိုင်ငံအနေနဲ့ကလည်း သဘာဝသယံဇာတတွေပေါများတဲ့ နိုင်ငံ ဖြစ်ပါတယ်။ နေရာဒေသအနှံ့အဖိုးတန် သယံဇာတတွေကိုတွေ့နိုင်တဲ့အခြေအနေလည်းဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံခွင့်ကိုပေးတဲ့ မြေဧရိယာကလည်း ဇကမြောက်မြားလှစွာသော မြေဧရိယာများ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဒီကျယ်ဝန်းလှတဲ့ ၎င်းတို့ရဲ့လုပ်ငန်းနယ်မြေလုံခြုံရေးကိစ္စတွေကို သူတို့အစီအမံနဲ့ပဲဆောင်ရွက်ပြီး ကန့်သတ်တားမြစ်မှုဆောင်ရွက်လာနိုင်တာလည်း အမှန်ပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တာတွေ၊ ဆောင်ရွက်ဆဲဖြစ်နေတာတွေကိုလည်း နေရာအနှံ့ရောက်ခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေ အသိပဲဖြစ်ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံခွင့်ရသူတွေက သူတို့လုပ်ကိုင်နေတဲ့ မြေနေရာပေါ်မှ မြေပေါ်မြေအောက်အဖိုးတန်သယံဇာတတွေကို ထုတ်ယူနေတာကို ၎င်းတို့ကိုယ်တိုင် အကြောင်းမကြားမချင်း၊ မသိရှိနိုင်တဲ့အနေအထားများလည်း ဖြစ်နိုင်ပါတယ်။ ပမာဏများစွာ ထုတ်ယူပြီးမှ အကြောင်းကြားလျှင်လည်းဖြစ်နိုင်တယ်လို့ သုံးသပ်ရပါတယ်။ ဒီအချက်တွေကို ဆွေးနွေးမယ်ဆိုရင် ကျယ်ဝန်းလှတဲ့အတွက်ဤသို့ ဖြစ်နိုင်တယ်ဆိုတာကိုပဲ တင်ပြသုံးသပ်ခြင်း ဖြစ်ပါတယ်။ အတိတ်ကလည်း ဒီနိုင်ငံခြားသစ်ကုမ္ပဏီတွေက စာချုပ်စာတမ်းပါစည်းကမ်းတွေ ဖောက်ဖျက်ပြီးတော့ ခွင့်ပြုထားတဲ့ပမာဏထက်ထုတ်ယူထားတဲ့အတွက် နောက်ကျမှ သိပြီးလျော်ကြေး၊ ဒဏ်ကြေးတွေတောင်းရတဲ့အတွက် ပြဿနာတွေဖြစ်ပြီး အချုပ်အခြာအာဏာ လွှင့်ပါးတဲ့အထိ ဖြစ်ခဲ့တဲ့သာဓကကို ကိုယ်စားလှယ်တော်ကြီးများအသိပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ရင်းနှီးမြှုပ်နှံသူက ပြဋ္ဌာန်းချက်ပါစည်းမျဥ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို ဖောက်ဖျက်ခဲ့လို့ရှိရင် ပေးအပ်တဲ့သတ်မှတ်ထားတဲ့ ပြစ်ဒဏ်ကလည်း စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်သာဖြစ်ကြောင်းကို အောက်ပါအတိုင်းတွေ့ရှိနိုင်ပါတယ်။ (က) သတိပေးခြင်း (ခ) အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များယာယီရပ်ဆိုင်းခြင်း (ဂ) ခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းခြင်း (ဃ) နောင်တွင်မည်သည့်ခွင့်ပြုမိန့်မှ ထုတ်ပေးမည်မဟုတ်သော နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းခြင်းစသည် တို့ဖြစ်ပါတယ်။ ဒီပြစ်ဒဏ်များကိုလေ့လာကြည့်လို့ရှိရင် မိမိနိုင်ငံအတွင်းက အဖိုးတန်သယံဇာတတွေကို တွေ့ရှိသော်လည်း မရိုးမသားသောအကြောင်းဖြင့် ချက်ချင်းအကြောင်းမကြားဘဲ များစွာထုတ်ယူပြီး နောက်မှ အကြောင်းအမျိုးမျိုးကြောင့် သိရတဲ့အခါမှာ ထုတ်ယူပြီးသွားတဲ့ အဖိုးတန်သယံဇာတတွေ

ရင်းစားပြန်လည်ရရှိစေရေးအတွက် ထိုက်သင့်တဲ့သက်ဆိုင်ရာ တရားဥပဒေကြောင်းအရ အရေးယူနိုင်သည့်ပြစ်ဒဏ်များမပါရှိဘဲ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များသာ ချမှတ်ထားသည်ကို တွေ့ရှိရပါတယ်။ ဤမျှပြစ်ဒဏ်အနေအထားကတော့ ပြစ်မှုကျူးလွန်လိုခြင်းအားတားမြစ်နိုင်ရေးအတွက် လုံလောက်ထိရောက်မှုရှိရန် လိုအပ်နေဦးမည်ဟု သုံးသပ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒ့ါအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်စည်းကမ်းများ ဖောက်ဖျက်တဲ့အခါမှာ ချမှတ်ထားသောပြစ်ဒဏ်များက သက်သာမှုရှိလွန်းသလို ဥပဒေပြဋ္ဌာန်းချက်ပါ ရင်းနှီးမြှုပ်နှံသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကိုကြပ်မတ်ဆောင်ရွက်ရမည့် ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်တွေမှာလည်း ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ လုပ်ကိုင်ခွင့်ရနေသော မြေနေရာကနေပြီးတော့ အဖိုးတန်သယံဇာတ ပစ္စည်းတွေတွေ့တွေ့ချင်း အကြောင်းကြားစေရန် ကြီးကြပ်မှုနှင့် အခါအားလျော်စွာစစ်ဆေး လုပ်ဆောင်ရမည့်တာဝန်များကို မပါရှိကြောင်း တွေ့ရှိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေလာရောက်လုပ်ကိုင်လိုသူတွေကို လာရောက်ရင်းနှီးလုပ်ကိုင်လိုစိတ်ရှိအောင် အခွင့်အရေးများပေးရမှာဖြစ်ပါတယ်။ ပေးထားတာတွေကိုလည်း တွေ့ရပါတယ်။ အခွင့်အရေးတွေပေးသလို မိမိနိုင်ငံရဲ့အကျိုးစီးပွားတွေ မဆုံးရှုံးအောင်လည်း အဖိုးတန်သယံဇာတွေကို မသမာတဲ့နည်းနဲ့မပါသွားအောင် ကာကွယ်တားဆီးမှုများ မလွဲမသွေလုပ်ဆောင်ရန် လိုအပ်မယ်လို့သုံးသပ်ရပါတယ်။ ဒီအချက်တွေကြောင့် ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်နှင့်တာဝန် အခန်း(၆) အပိုဒ် ၁၀ မှာ အပိုဒ်ခွဲ(က)ကနေ (ဇ)အထိ ပါပါတယ်။ အဲ့ဒီနောက်မှာ(ဈ)အနေနဲ့ ရင်းနှီးမြှုပ်နှံသူများ လုပ်ပိုင်ခွင့်ရ မြေ၏မြေပေါ်မြေအောက်မှ အဖိုးတန်သယံဇာတနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ တွေ့ရှိသည့်အခါ ချက်ချင်းအကြောင်းကြားစေရန် ကြပ်မတ်မှုနှင့် အခါအားလျော်စွာ စစ်ဆေးဆောင်ရွက်ခြင်း ဆိုသည့် တာဝန်တစ်ရပ်ကို ထည့်သွင်းပြဋ္ဌာန်းသင့်ရန်လိုအပ်မယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ ဒ့ါအပြင် ဥပဒေပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်တဲ့အခါမှာ ရင်းနှီးမြှုပ်နှံသူအား ဖော်ပြပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များနှင့် အရေးယူသည့်အပြင် စာချုပ်တွင် မပါသော တိုင်းပြည်၏ အဖိုးတန်သယံဇာတများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းထုတ်ယူခြင်းအတွက် အရေးယူရန်နှင့် ထုတ်ယူပြီးသောပစ္စည်းများ ရင်းစားပြန်ရရန်အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေဖြင့်ပါအရေးယူခံစေခြင်း ပြစ်ဒဏ်ကို တိတိကျကျထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးကြည်သာ၊ ဝွမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ အချိန်ကို ငဲ့ကွက်သော အားဖြင့် လိုရင်းတိုရှင်းပဲ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုဥပဒေရဲ့ အခန်း(၁၁) ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ အပိုဒ် ၂၅ (ဂ) မှာ ဝင်ငွေခွန်စည်းကြပ်ရန်အလို့ငှာ စက်ပစ္စည်း၊ စက်ကိရိယာ၊ အဆောက်အဦ သို့မဟုတ် လုပ်ငန်းသုံး အခြားမတည်ပစ္စည်းများအပေါ်တွင် ပစ္စည်းတန်ဖိုးလျှော့တဲ့ငွေကို အမြတ်ငွေထဲမှ နုတ်ပယ်ခွင့်ဆိုတဲ့ အခွင့်အရေးကို ပေးထားပါတယ်။ အဲဒီတော့ ဒီဥစ္စာက Depreciation လို့ခေါ်ပါတယ်။ ဒါဟာအခွန်ကို Tax reduction Subject တစ်ခုပါ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Depreciation ဆိုတဲ့ တန်ဖိုးလျှော့တွက်ခြင်းဆိုတဲ့ လုပ်ငန်းဟာ Project တစ်ခု နိုင်ငံခြားကုမ္ပဏီတစ်ခုက လာလုပ်တယ်။ ဥပမာ ရေအားလျှပ်စစ် လုပ်ငန်းတစ်ခု လာလုပ်တယ်ဆိုပါတော့။ ရေအားလျှပ်စစ်လုပ်ငန်းပြီးသွားရင် ရေအားလျှပ်စစ်လုပ်ငန်း မှာရှိတဲ့ Dam လို အဆောက်အဦရှိရမယ်။ တာဘိုင်နဲ့ ဂျင်နရေတာလို ပစ္စည်းတွေရှိ ပါတယ်။ နောက် ထရမ်စဖော်မာလို ပစ္စည်းတွေရှိပါတယ်။ အဲတော့ Depreciation Rate အရ ရေကိုတားတဲ့ Dam ကြီးဟာ အနှစ် ၃၀ ကြာမြင့်မယ်လို့ သတ်မှတ်ရင် Depreciation ဟာ အနှစ် ၃၀ Rate နဲ့ တွက်ရမယ်။ အလားတူပဲ တာဘိုင်နဲ့ဂျင်နရေတာတွေဟာ အနှစ် ၂၀ သက်တမ်းဆိုရင် Depreciation Rate ကို အနှစ် ၂၀ နဲ့ တွက်ပါတယ်။ အလားတူ သူ့အမျိုးအစားမတူတဲ့ပစ္စည်းတွေကို အမျိုးအစား မတူသလို Depreciation များကို တွက်သွားပါတယ်။ အဲတော့ နိုင်ငံတကာမှာတော့ Fixed Assets ခေါ်တဲ့ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းများအပေါ်မှာ Depreciation Rate ကို တွက်ပြီးတော့ အခွန်သက်သာခွင့်ပေးသလို မော်တော်ကားလို စက်ကိရိယာမျိုးကိုပါ Depreciation ခံစားခွင့် ပေးတယ်လို့သိရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံမှာ ဒီလို ပစ္စည်းအမျိုးအစားအလိုက် Depreciation Rate တွေကို သတ်မှတ်ထားတာရှိသလားဆိုတဲ့မေးခွန်းကို မေးချင်တဲ့အခါ ဒီနေ့ပဲ ဆွေးနွေးပါဆိုလို့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဲတော့ နိုင်ငံခြားတိုင်းပြည်တွေမှာ ရေးထားတာက တော့ Depreciation Rate အခွန်သက်သာခွင့်ရမယ်ဆိုလို့ရှိရင် အဲဒီကုမ္ပဏီဟာ သူသုံးစွဲတဲ့ ပစ္စည်းဟာ ကုမ္ပဏီအတွက် သက်သက်ဖြစ်သလား။ သူ့ကိုယ်ရေးကိုယ်ကျိုးကိုယ်တာအတွက်သုံးတာ ဖြစ်သလားဆိုတာကိုလည်း ရှင်းရမှာဖြစ်ပါတယ်။ ဥပမာ နိုင်ငံခြားကလာပြီးတော့ ရင်းနှီးတဲ့ကုမ္ပဏီ တစ်ခုဟာ သူ့ပါလာတဲ့ မော်တော်ကားကို Depreciation Rate အရ သူကအခွန်လျှော့ခွင့် တောင်းခံ ခွင့်ရှိပါတယ်။ ဒါပေမယ့် ဒီကားကို သူ့ကိုယ်ပိုင်လုပ်ငန်း သူ့ရဲ့ကိုယ်ကျိုးအတွက် သူဘယ်လောက် သုံးသလဲ ကုမ္ပဏီအတွက် ဘယ်လောက်အသုံးပြုတယ်ဆိုတာ တိတိကျကျသတ်မှတ်မှ လျှောက်တဲ့

ပုံစံမှာ ကျွန်တော်တို့က စည်းကြပ်တဲ့အဖွဲ့တွေမှာ ကြပ်မတ်ပြီးခွင့်ပြုရမှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး သတ်သတ်မှတ်မှတ် ဥပဒေတွေ ကျွန်တော်တို့နိုင်ငံမှာရှိသလား။ အဲဒီလိုမရှိဘဲနဲ့ ဝိုးတဝါးဖြစ်လာလို့ရှိရင် ဒီအခွင့်အရေးကို ယူပြီးတော့နိုင်ငံခြားကုမ္ပဏီတွေက ကျွန်တော်တို့ဆီမှာ အခွန်သက်သာခွင့်တွေကိုယူသွားနိုင်မှာ ဖြစ်ပါတယ်။ ဥပမာ အမေရိကန်ပြည်ထောင်စုမှာဆိုရင် Depreciation 946 ဆိုပြီးတော့ How to Depreciate Property သူက တိတိကျကျ လမ်းညွှန်ထားတယ်။ နောက်ပြီးတော့ Form No.4562 နဲ့ ဘယ်လိုဖြစ်ရမယ်ဆိုတာတွေရှိတယ်။ အဲတော့ ကျွန်တော်တို့နိုင်ငံမှာ depreciation နဲ့ပတ်သတ်ပြီးတော့ တိတိကျကျ နည်းဥပဒေထုတ်မထားလို့ရှိရင် ဒီနိုင်ငံခြားသားတွေက ဒီအခွင့်အရေးတွေကို ယူသွားနိုင်တဲ့အတွက်ကြောင့် ဒီဥပဒေမှာ ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြလိုတဲ့ ဥစ္စာရှိပါတယ်။ ကျွန်တော်ဖြည့်စွက် တင်ပြမယ့် အချက်ကို တနင်္လာနေ့မှာ ကျွန်တော် အတိအကျ ပြန်ဖတ်ပါ့မယ်ခင်ဗျား။ ယခုအချိန်အခါကတော့ ကျွန်တော် Depreciation Rate ဆိုတာနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မှာ တိတိကျကျသတ်မှတ်ပြဋ္ဌာန်းထားတာ ရှိရင်လည်းရှိပါမယ်။ မရှိလို့ရှိရင်လည်း ထည့်သွင်းရေးဆွဲနိုင်အောင် ကော်မတီအနေနဲ့ ဒါကိုပြန်ပြီးစဉ်းစားသင့်ကြောင်း တင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွဋ်တင်(ဖာဆောင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဖာဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်တင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုတဲ့အခါ အထောက်အကူရရှိစေရေးအတွက် အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပေမယ့် စီးပွားရေးပိတ်ဆို့မှုဒဏ်ခံရခြင်းကြောင့် တိုးတက်မှုနောက်ကျခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံသားများဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်တို့မှာ နိုင်ငံတကာနဲ့ ယှဥ်ပြိုင်နိုင်ရန် အားနည်းခဲ့ပါတယ်။ ယနေ့ကာလမှာ စီးပွားရေးလုပ်ငန်းရှင် အတော်တော်များများက အမြတ်အစွန်းရဖို့ထက် လုပ်ငန်းမဆုံးရှုံးရအောင် မနည်းကြိုးပမ်းနေရတဲ့ကာလဖြစ်ပါတယ်။ လုပ်ငန်းရှင်များဟာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများရောက်လာတဲ့အခါ ၎င်းတို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းများလက်လွတ်ဆုံးရှုံးမှာကို စိုးရိမ်နေကြပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို သက်သာခွင့်၊ အာမခံချက် အကာအကွယ်များပေးထားသလို လက်ရှိလုပ်ငန်းဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်များကိုလည်း သက်သာခွင့်၊ အာမခံချက်၊ အကာအကွယ်များ

ပေးရန် လိုအပ်ပါတယ်။ ရုပ်ဝတ္ထုပစ္စည်းများတိုးတက်လာခြင်း၊ စီးပွားရေး ကောင်းမွန်လာသော်လည်း ၎င်းအကျိုးခံစားခွင့်တွေကို နိုင်ငံတော်နှင့်နိုင်ငံသားများ ပိုင်ဆိုင်ခံစားခွင့်နည်းနေရင် အဓိပ္ပာယ်မရှိပါဘူး။ ဒါကြောင့် နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်လေးရပ်ထဲက နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဆိုတဲ့အချက်နှင့် ညီညွတ်သင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိတဲ့ အလုပ်လက်မဲ့များ ပြည်ပနိုင်ငံများတွင် တရားဝင်၊ တရားမဝင် ရောက်ရှိနေတဲ့ သန်းချီတဲ့နိုင်ငံသားများအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အမြန်ဆုံးလာရောက်နိုင်ဖို့ စီစဉ်ပေးရမှာ ဖြစ်ပါတယ်။ သို့ရာတွင် နိုင်ငံသားလုပ်ငန်းရှင်များဆောင်ရွက်နိုင်တဲ့ သို့မဟုတ် ဆောင်ရွက်နိုင်ကြောင်းအဆိုပြုတဲ့ လုပ်ငန်းများကို နိုင်ငံသားလုပ်ငန်းရှင်များကိုသာဆောင်ရွက်စေသင့်ပါတယ်။ နိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ပေါင်းစပ်ဆောင်ရွက်မှုရမယ့်လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်နိုင်စေရန်နှင့် နိုင်ငံသားလုပ်ငန်းရှင်များဆောင်ရွက်နိုင်စွမ်း မရှိတဲ့လုပ်ငန်းများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပြည့်အဝဖြင့် ဆောင်ရွက်သင့်ပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်များကလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်အောင် ကြိုတင်စီစဉ်ထားရမှာဖြစ်သလို ထုတ်လုပ်သူများ၏အကျိုးထက် စားသုံးသူနိုင်ငံသားများ၏ အကျိုးကိုလည်း ကြည့်သင့်ကြောင်း သတိချပ်သင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသားများဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက် အားနည်းတဲ့အတွက် လက်ငင်းအကျိုးအမြတ်ကိုသာ ကြည့်နိုင်ကြပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေဟာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက် ကြီးမားတဲ့အတွက် အနာဂတ်နှစ်ပေါင်းများစွာ ကြိုတွေးပြီးဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဆင်းရဲပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုတိုးတက်လျင်မြန်စေရန်အတွက် ပြည်တွင်းအားနဲ့တော့ မဖြစ်နိုင်ပါဘူး။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အမြန်ဆုံးလာရောက်နိုင်အောင် ဆောင်ရွက်ပေးရမှာဖြစ်ပြီး တစ်ဖက်ကလည်း နိုင်ငံသားလုပ်ငန်းရှင်များအတွက် ဈေးကွက်များ ရှာဖွေပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြလိုတဲ့ အချက်ကတော့ (၁) နိုင်ငံတော်နှင့် နိုင်ငံသား သန်း ၆၀ အကျိုးအတွက် အဓိကထားစဉ်းစားရန်၊ (၂) နိုင်ငံသားလုပ်ငန်းရှင်များ ဈေးကွက်ယှဉ်ပြိုင်နိုင်ရန် အရည်အသွေးမြှင့်တင် ဆောင်ရွက်နိုင်ရေးအကာအကွယ်ပေးနိုင်မှု စဉ်းစားရန်၊ (၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အမြန်ဆုံးလာရောက်စေရေး ဆွဲဆောင်စည်းရုံးနိုင်ရန်အတွက် စဉ်းစားရန်စသည့်

အချက်များ အဓိကထားစဉ်းစားပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း ရေးဆွဲသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကိုကိုလွင်(မော်လမြိုင်ကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံဖို့ဆိုရင် အခြားနိုင်ငံများမှာတည်ရှိတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေများကဲ့သို့ ဆွဲဆောင်မှုရှိပြီး မိမိနိုင်ငံရဲ့ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ထွန်းစေဖို့လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံခြားသားများ လာရောက်ရင်းနှီးမြှုပ်နှံကြရာမှာ ပြည်တွင်းမှာရှိတဲ့ SMI, SME ခေါ်တဲ့ အသေးစား၊ အလတ်စား စက်မှုနှင့်ကုန်ထုတ်လုပ်ငန်းများလည်း တိုးတက်လာအောင် လုပ်သာကိုင်သာရှိအောင် အစိုးရအဖွဲ့အစည်းများမှ အားပေးကူညီခြင်း၊ တွန်းအားပေးခြင်း၊ စောင့်ရှောက်ခြင်းများကိုလည်း ပြုလုပ်ပေးရမှာဖြစ်ပါတယ်။ တဖန် လာရောက်ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်များအတွက်လည်း လုပ်သာကိုင်သာရှိပြီး စိတ်ဝင်စားမယ့်ဆွဲဆောင်မှုရှိတဲ့ ဥပဒေဖြစ်ဖို့လည်းအရေးကြီးပါတယ်။ ချုပ်ကိုင်လွန်းပြီး တင်းကြပ်တဲ့ ဥပဒေများဖြစ်နေရင်လည်း လာရောက်ဆောင်ရွက်မယ့်သူတွေဟာ နိုင်ငံတကာမှ စီးပွားရေးသမားများဖြစ်လို့ အခက်အခဲများတွေ့ရင် နောက်ဆုတ်သွားကြမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများကိုဖိတ်ခေါ်ပြီးဆိုရင်လည်း ပြည်တွင်းမှာရှိတဲ့ အခြားကဏ္ဍများကိုလည်း ပြုပြင်ပြင်ဆင်ထားစရာများရှိရင်လည်း ကြိုတင်ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်တဲ့ ဆက်သွယ်ရေးစနစ်တွေ၊ ဘဏ်ငွေလွှဲစနစ်တွေ ဘဏ်စနစ်များလည်း ကောင်းမွန်အောင် ဆောင်ရွက်ထားဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပေါ်ပေါက်နေတဲ့ ဒေါ်လာ၊ FEC၊ Earning စတဲ့ ကွဲပြားနေတဲ့ ငွေလဲလှယ်နှုန်းတွေ မတူညီတာတွေကိုလည်း ကြိုတင်ပြင်ဆင်သင့်ပါတယ်။ ပြင်နိုင်ရင် တစ်မျိုးတည်းဖြစ်အောင် ဖြစ်သင့်တယ်လို့လည်း ယူဆပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် အခွန်ကင်းလွတ်ခွင့် ၅ နှစ် ရရှိပြီဖြစ်တဲ့အတွက် အခွန်အပြည့်အဝပေးဆောင်တဲ့ ပြည်တွင်းလုပ်ငန်းရှင်များနဲ့ ယှဉ်ပြိုင်နိုင်စွမ်း ညီမျှမှုမရှိတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုအတွက် ရင်းနှီးမြှုပ်နှံငွေကို ရှယ်ယာရောင်းချခြင်း၊ နှစ်ရှည်ငွေချေးစာချုပ်ဖြင့် ရောင်းချခြင်း လွယ်ကူစွာရနိုင်မှာဖြစ်ပါတယ်။ ပြည်ပကုမ္ပဏီကြီးများက နိုင်ငံတကာဘဏ်တွေက နှစ်တို၊ နှစ်ရှည်ချေးငွေတွေကို အတိုးနှုန်းနည်းနည်းနဲ့ချေးယူနိုင်မှာဖြစ်ပါတယ်။ ပြည်ပကုမ္ပဏီများက နိုင်ငံတကာမှာ တိုက်ရိုက်ပစ္စည်းထုတ်လုပ်သူများနှင့်

ကောင်းမွန်သောဆက်ဆံရေးရှိတာကြောင့် ကုန်ပစ္စည်းတန်ဖိုးပေးချေရာမှာ အကြွေးစနစ် အချိန်ကြာမှ ပေးချေရခြင်း၊ ကုန်ပစ္စည်းများကိုဒေါင်ထဲမှာ အပြည့်အဝမသိုလှောင်ဘဲနဲ့ ရင်းနှီးမြှုပ်နှံမှုတွေပိုပြီးတော့ ရငွေပိုနည်းတယ်လို့ ဆိုလို့ရပါတယ်။ တဖန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများအနေဖြင့် နိုင်ငံတကာမှ အတိုးနှုန်းသက်သက်သာသာဖြင့် ရင်းနှီးငွေများကို ရရှိနိုင်ပါတယ်။ ဘဏ်ချေးငွေများ ဆိုရင်တော့ ထိုင်းနိုင်ငံမှာ ၃.၄၊ စင်ကာပူမှာ ၃.၆၊ အမေရိကန်နိုင်ငံမှာ ၃.၇ ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံရဲ့ဘဏ်ချေးငွေဟာ ၁၃ ရာခိုင်နှုန်းရှိတယ်လို့လည်း ကျွန်တော်တို့ သိရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်ရာတိုးတက်ကြောင်း ဥပဒေဖြစ်တဲ့အတွက် ရင်းနှီးငွေအကျိုးအမြတ်ထက်ပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖြစ်ထွန်းရေးကို ဦးစား ပေးသင့်ပါတယ်။ ဥပမာ ကမ္ဘောဒီးယားနိုင်ငံမှာ ကုမ္ပဏီတစ်ခုဟာ နိုင်ငံသားဝန်ထမ်း ၅၀ ဦးခန့် တယ်ဆိုရင် one Credit ပေးတယ်။ ဝန်ထမ်း ၁၀၀ ဦး ခန့်တယ်ဆိုရင် five Credit ပေးတယ်။ စစ်မှုထမ်းဟောင်း ၂၅ ဦးဆိုရင် Six Credit ပေးတယ်ဆိုတဲ့ ဥပဒေတွေလည်း သူတို့မှာရှိတယ် ဆိုတာကို တွေ့ရှိရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အတည်မပြုမီ မြန်မာနိုင်ငံသားရင်းနှီး မြှုပ်နှံမှုဥပဒေ MIC ကိုလည်း အသစ်တစ်ဖန် ရေးဆွဲအတည်ပြု သင့်တယ်လို့လည်း ဆိုကြပါတယ်။ FDI Law နှင့် MIC Law တို့ကို တစ်ပြိုင်တည်း အတည်ပြုပေးသင့်တယ်။ လက်ရှိလုပ်ငန်းလည်ပတ် လျက်ရှိတဲ့ နိုင်ငံသားများရဲ့ MIC အခွင့်အရေးကို FDI Law နှင့် ခံစားခွင့်နှင့်မလျော့ဘဲ အကျိုးခံစားခွင့်ပြုသင့်တယ်လို့ အကြံပြုတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မကြာမီမှာ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများလာရောက်မှာဖြစ်ပါတယ်။ မိမိတို့ အစိုးရ အဖွဲ့နှင့် ဌာနအသီးသီးမှာလည်း အသင့်ဖြစ်ဖို့ပြင်ဆင်ထားဖို့လိုပါတယ်။ လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးပြီး မကြန့်ကြာစေရေး ကြိုတင်ပြင်ဆင်လေ့ကျင့်သင်တန်းများပြုလုပ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံသား တွေကို လေ့ကျင့်ပေးသင့်ပါတယ်။ ဒီလိုပြုလုပ်မှသာလျှင် ကျွန်တော်တို့က လာရောက်မယ့် ဥပဒေနှင့် အညီဆောင်ရွက်နိုင်မှာဖြစ်ကြောင်း အကြံပြုတင်ပြရင်းနှင့် နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ FDI ဆိုတာကတော့ ပေါ်တာလည်းကြာပါပြီ။ တကယ်တော့ နိုင်ငံတွေက FDI ကိုမလိုချင်ပါဘူး။ ဒါပေမယ့် မရှိမဖြစ်လို့၊ မလုပ်ရင်မဖြစ်လို့ လုပ်နေကြတာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့အကျိုးအတွက် FDI ကိုခေါ်တာဖြစ်ပါတယ်။ ဒီနေ့ ကမ္ဘာပေါ်မှာ FDI အများဆုံးနိုင်ငံက အမေရိကန်နိုင်ငံလို့ပြောရင်

တချို့က ယုံချင်မှယုံမယ်။ FDI ဆိုတာ Developing Country တွေပဲရှိတာမဟုတ်ပါဘူး။ ကမ္ဘာပေါ်မှာ FDI အများဆုံးက အမေရိကန်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က FDI ဝင်လာလို့ရှိရင် ပြည်တွင်းလုပ်ငန်းရှင်တွေ နစ်နာမလားဆိုတဲ့ ဥစ္စာကတော့ ပထမဦးဆုံးပိုင်းမှာတော့ ဒါကတော့ နစ်နာမှာပဲလို့ ပြောရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်တွင်းလုပ်ငန်းရှင်တွေဟာ သက်သက်သာသာလေးနဲ့ နေနေတာကနေပြီးတော့ရင် အပြိုင်အဆိုင်ဝင်လာတဲ့အခါမှာ အရင်ကလို မဟုတ်တော့ဘဲနဲ့ သူတို့ဟာ ဆုံးရှုံးမှုနစ်နာမှုရှိမယ်။ Efficient မဖြစ်တဲ့ ပြည်တွင်းလုပ်ငန်းတွေဟာ ပြုတ်သွားမယ်။ ပြီးလို့ရှိရင်တော့ Long term မှာ Medium term မှာကျရင်တော့ ပြည်တွင်းလုပ်ငန်းရှင်များ ပြန်လည်အကျိုးရှိလာမှာဖြစ်ပါတယ်။ တကယ် သေချာပေါက်အကျိုးရှိမှာကတော့ ကျွန်တော်တို့ ပြည်သူပြည်သားတွေဖြစ်ပါတယ်။ ပြည်သူပြည်သားတွေအနေနဲ့ကတော့ FDI ဝင်လာတဲ့အတွက် အကျိုးအများကြီးရှိမယ်ဆိုတာကို ကျွန်တော်တို့ အကျယ်တဝင့်ရှင်းလင်းဖို့လိုမယ်မထင်ပါဘူး။ ကျွန်တော်တို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကြည့်မယ်ဆိုရင် တောင်ကိုရီးယားတို့၊ စင်ကာပူတို့၊ ဟောင်ကောင်တို့၊ ထိုင်းဝမ်တို့ ဟာ ပထမအသုတ် FDI နဲ့ တိုးတက်သွားခဲ့ပြီးတော့ ဒုတိယအသုတ်ဖြစ်တဲ့ မလေးရှားတို့၊ ဖိလစ်ပိုင်တို့၊ အင်ဒိုနီးရှားတို့၊ ထိုင်းတို့ဟာ တိုးတက်သွားခဲ့ပါပြီ။ အခု တတိယဆိုရင် ဗီယက်နမ် ဖြစ်နေပါတယ်။ ကျွန်တော်တို့ဟာ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာရယ် ၄ နိုင်ငံဟာ ရှိတာကနေ ဗီယက်နမ်ဟာ ရှေ့ကိုရောက်သွားပြီးတဲ့အခါမှာ သူရဲ့ FDI Law ကိုလေ့လာကြည့်လို့ရှိရင် တော်တော်လေးကောင်းတာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ FDI Law နဲ့ယှဉ်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ဟာ နည်းနည်းလိုသေးတယ်လို့ထင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ FDI Law ကို ကျွန်တော်လည်းပဲ ခုနကမှ လေ့လာလိုက်တာဖြစ်တဲ့အတွက် ကြည့်လိုက်တဲ့အခါမှာ ဗီယက်နမ်ရဲ့ FDI Law မှာဆိုရင် Sector တွေကို ပေးတာကစပြီး သေချာရေးထားတယ်။ ဥပမာဆိုရင် ဦးစားပေးပေးတာ incentive ကိုဆိုရင် ကိုယ့်နိုင်ငံက လုပ်စေချင်တဲ့နေရာကို incentive များများပေးတယ်။ နောက်တစ်ခါ Region အလိုက်ပေးတယ်။ ဥပမာဆိုရင် ကျွန်တော်တို့နိုင်ငံမှာဆိုရင် ခေါင်တဲ့နေရာက ခက်တဲ့နေရာပေါ့။ ချင်းတောင်လိုနေရာမျိုးမှာ Invest သွားလုပ်လို့ရှိရင် incentive ကို ဘယ်လိုပေးမလဲ။ ရန်ကုန်မှာလုပ်ရင်တော့ incentive ကိုမပေးနိုင်ဘူး။ နည်းနည်းပဲပေးမယ်။ ဒီလိုမျိုးတွေပေါ့။ Region မှာကျတော့ ထိုင်းနိုင်ငံမှာ မဟုတ်ဘူး တရုတ်နိုင်ငံမှာလည်း ဒါမျိုးက ပါပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ Invement Law က ဒါမျိုးက အခုထိ ပါတာမတွေ့ရသေးပါဘူး။ သူများနိုင်ငံတွေမှာ ဒီ ဆိုက်ကာ အလိုက်ပေးတာရှိသလို နောက်တစ်ခါ Region အလိုက်ပေးတာရှိပါတယ်။

Region အလိုက်ဆိုတဲ့ဥစ္စာက ဒီ ဝေးလံခေါင်ပါးတဲ့နေရာတွေမှာ မတိုးတက်တဲ့နေရာတွေမှာ တိုးတက်အောင် အဲဒီနေရာတွေမှာ incentive ကို ပို့ပေးတာကိုရှိပါတယ်။ အဲဒီတော့ ဒါမျိုးတွေ ပါတာကို မတွေ့ရသေးပါဘူး။ အဲဒီလို ဖြစ်တဲ့အတွက်လည်းပဲ နောက်တစ်ခါ ခုနလိုပေါ့။ Domestic Industry ကလုပ်တဲ့ဟာမျိုး မလုပ်ရဘူးလို့ ပြောလို့မရဘူး။ ဒီနေရာမှာလုပ်မယ်ဆိုရင် incentive နည်းမယ်ပေါ့။ ဒါမျိုးပေါ့။ ဒီ Domestic Industry တွေက မလုပ်နိုင်တဲ့နေရာမျိုးတွေကို လုပ်မယ်ဆိုရင် incentive များများပေးမယ်ဆိုတဲ့ဟာမျိုးတွေဟာ ကျွန်တော်တို့ရဲ့ ဥပဒေအရ ကြည့်မယ်ဆိုရင် အခန်း(၂) သက်ဆိုင်သည့်စီးပွားရေးလုပ်ငန်းများဆိုတဲ့နေရာမှာ ဒါမျိုးတွေထည့်သင့်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒါဟာ ဗီယက်နမ်ရဲ့ ၂၀၀၆ ခုနှစ်မှာ နောက်ဆုံးဆွဲခဲ့တဲ့ Invement Law တော်တော်လေးကောင်းတယ်လို့ ကျွန်တော်တို့အနေနဲ့တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့နဲ့ လက်လှမ်းမီတာပေါ့။ ဒါတစ်ခုကျွန်တော်ပြောချင်ပါတယ်။ နောက်တစ်ခု FDI ဟာဆိုရင် Invement တွေ လာအောင်လုပ်တဲ့ Law ဆိုတာ သတိပြုရန်ဖြစ်ပါတယ်။ Invement လာဖို့ဆိုရင် နိုင်ငံခြားသားတွေက ဘာကိုစိတ်ဝင်စားသလဲ။ သူတို့က FDI Law မှာတကယ့်စိတ်ဝင်စားတာက Guarantee ပေါ့။ ဒီအာမခံချက်ပေါ့။ ဒီအာမခံချက်ကို ကျွန်တော်တို့ရဲ့ ဥပဒေမှာဆိုရင် နည်းနည်းလေးပဲ ရေးထားတာ တွေ့ရပါတယ်။ ဗီယက်နမ်ရဲ့ Invement Law ကိုကြည့်မယ်ဆိုရင် သူက ဘာရေးထားလဲဆိုရင် ဒီဥပဒေက ထုတ်ထားတဲ့ ထုတ်ပြီးရင် နောက်ဥပဒေရောက်လာလို့ နောက်ဥပဒေ ထပ်ပေါ်လာလို့ရှိရင် နောက်ထပ် ထပ်ပေါ်လာတဲ့ဥပဒေဟာ Investage to Investor ဖြစ်မယ်ဆိုရင် သူဟာ ဒါကို ခံစားခွင့်ရှိတယ်။ နောက်ပေါ်လာတဲ့ဥပဒေဟာ Investor တွက် Advantage မရှိဘူး။ နစ်နာတယ်ဆိုရင် ယခင်မှာ စာချုပ်မှာပါတဲ့အတိုင်း ယခင်ဥပဒေအတိုင်း အဲဒီဟာကို ခံစားခွင့်ရှိတယ်ဆိုပြီးတော့ ဒီလိုမျိုးတွေပေါ့။ ကျွန်တော်တို့နိုင်ငံမှာကျတော့ ပထမဦးဆုံး စွဲထားတဲ့ဥပဒေကို နောက်ဥပဒေက ကျော်တယ်ဆိုပြီးတော့ အရင်တုန်းက Investment ဥပဒေဟာ FDI ဟာ တစ်မျိုးဖြစ်နေတယ်။ နောက် ပြောင်းလို့ရှိရင် ဒါကြီးကနစ်နာသွားမလားဆိုတဲ့ဟာပေါ့။ အာမခံချက်မရှိတာကို နိုင်ငံခြားသား Investor တွေက မကြိုက်ပါဘူး။ သူက Stability ကိုလိုချင်ပါတယ်။ ကြိုက်တဲ့ဥပဒေကိုဆွဲပါ။ သူတို့သေချာကြည့်မယ်။ ကြည့်ပြီးလို့ရှိရင်အာမခံချက် ပေါ့။ အာမခံချက်ဆိုတာက သူက မပြောင်းအောင်ပေါ့။ သူတို့ရဲ့ Contractor ကာလအတွင်း မပြောင်းအောင်ဆိုတော့ ဒီလိုမျိုးပေါ့။ ဗီယက်နမ်ရဲ့ Invement Law ကိုကြည့်မယ်ဆိုရင် အဲဒါမျိုးရေးထားတာတွေ့ရမှာ ဖြစ်တဲ့အတွက် ဒါဟာ အာမခံချက်သေချာပေးထားတယ်ဆိုတာ တွေ့ရ

မှာဖြစ်ပါတယ်။ နောက်တစ်ခုက သူတို့ စိတ်ဝင်စားတာကတော့ Invement Law ထဲမှာဆိုရင် arbitration ပါ။ arbitration မှာ ငြိမ်းချမ်းစွာ ဖြေရှင်း၊ ချစ်ကြည်ရင်းနှီးစွာဖြေရှင်းမယ်ဆိုရင် မရပါဘူး။ စီးပွားရေးနှင့်ပတ်သက်လာရင် ချစ်ကြည် ရင်းနှီးမှုဆိုတာ သားအဖတောင်မရှိပါဘူး။ အဲဒီတော့ ဒီလိုမျိုး ဘယ်လိုလောပြီးလုပ်မလဲ။ ဗီယက်နမ် Law ၊ သူနိုင်ငံရဲ့ Law တွေနဲ့ ပြီးလို့ရှိရင် Intetnational Law တွေလုပ်မယ်ဆိုတာမျိုးတွေကို ကျွန်တော်တို့က ဖော်ပြဖို့သင့်ပါတယ်။ ဒါမှသာလျှင် Investor က လာမှာဖြစ်ပါတယ်။ သူရဲ့ ငွေရေးကြေးရေးနဲ့ အများကြီးလာလုပ်တဲ့အခါမှာ ကျွန်တော်တို့ Law နဲ့ပဲလုပ်မယ်ဆိုရင် သူတို့က လာရမှာကြောက်တာပေါ့။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရလို့ရှိရင် ကျွန်တော်တို့ FDI Law ဟာဆိုရင်တော့ စောစောက ရှေ့က ဆွေးနွေးသွားတာတွေလည်း ပါပါတယ်။ သေသေချာချာလေး ဆွေးနွေးမယ်ဆိုရင်တော့ အချိန်ယူပြီး တော့ သေချာဆွေးနွေးရမှာဖြစ်ပါတယ်။ အခုရေးထားတဲ့ Law ကတော့ ကျွန်တော်ဉာဏ်မီ သလောက်ပေါ့လေ။ ဗီယက်နမ်ရဲ့ Law နဲ့ ယှဉ်ကြည့်မယ်ဆိုရင် နည်းနည်းလေး အားနည်းနေ သေးတယ်ဆိုတာဖြစ်ပါတယ်။ အဲလောက်တော့ ကျွန်တော်တင်ပြချင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးများဘက်က ဆွေးနွေးစရာတော့ ရှိကောင်းရှိပါမယ်။ ဒါပေမယ်လို့ ဒီနေ့တော့ ဒီမှာရပ်ပြီးတော့ သက်ဆိုင်တဲ့နေ့ကျမှာပဲ လိုတာတွေဆက်လက် ဆွေးနွေး ပေးပါ။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာများကို အတိအကျဖော်ပြ၍ ၂၄-၇-၂၀၁၂ ရက်နေ့ ၁၂:၃၀ နာရီ အချိန် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်ကြားရေးမှုးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ထပ်မံကြေညာပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၁) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက် (တနင်္လာနေ့) ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၃း၁၀ နာရီတွင် ရပ်နားပါသည်။]